KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

(၂၀၂၃ ခုနှစ်၊ ဇွန်လ) (၂၀) ကြိမ်မြောက်ထုတ်ဝေသော KHRG ၏သတင်းလွှာ

# လူ့အခွင့်အရေးသတင်းလွှာ

## ကရင်လူ့အခွင့်အရေးအဖွဲ့

### ကျွန်ုပ်တို့၏ အဓိကလုပ်ငန်းများ

- ကွင်းဆင်းသုတေသနနှင့် မှတ်တမ်းပြုခြင်း
- အစီရင်ခံစာရေးသား ထုတ်ဝေခြင်း
- ကျေးလက်စွမ်းရည် ဆွေးနွေးပွဲများ
- ပြည်တွင်းပြည်ပ စည်းရုံးလှုံ့ဆော်ရေး



Karen Human Rights Group
(သို့မဟုတ်)
KHRG – ကရင်နှင့်မြန်မာဘာသာ

www.khrg.org

Karen Human Rights Group
(KHRG)

## မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများ အပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်းစသည့် နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သော ဩဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလှုံ့ဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင့်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်းလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများ လုပ်များလုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိနေပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

# စကားချီး

ဝမ်းမြောက်ခြင်းများစွာဖြင့် ၂၀ ကြိမ်မြောက်သတင်းလွှာကို KHRG မှ တစ်ဖန်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ်ကြိမ် ထုတ်ဝေပါသည်။ ဤနှစ်အတွင်း ဒုတိယမြောက်ထုတ်ဝေမည့် သတင်းလွှာကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် မတ်လအထိ KHRG မှလက်ခံရရှိခဲ့သည့် သတင်း အချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤသတင်းလွှာအား ဖြန့်ဝေရသည့်ရည်ရွယ်ချက်မှာ KHRG မှ လက်ခံရရှိခဲ့သော အချက်အလက်များကို ခရိုင်(၇)ခုအတွင်းရှိ ပြည်သူလူထုများအကြား မျှဝေပေးလိုခြင်းကြောင့်ဖြစ်သည်။ စာဖတ်သူများသည် ခရိုင်တစ်ခုချင်းစီမှ ဖြစ်ပွားခဲ့သည့် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖတ်ရှုနိုင်ရန်၊ ကရင်ပြည်နယ်ရှိ ခရိုင်အားလုံးမှ လူ့အခွင့်အရေးအခြေအနေများကို သိရှိရန်နှင့် မျက်စိပွင့်နားပွင့်လာရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤ KHRG သတင်းလွှာတွင် ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ ခရိုင်(၇)ခုဖြစ်သော သထုံခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ မြိတ်–ထားဝယ်ခရိုင်၊ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဖားအံခရိုင်တို့မှ ကောက်ယူ၍ ရေးသားတင်ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုး ဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင် ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲ၌ လက်နက်ကြီးပစ်ခတ်မှုများနှင့် လေယာဥ်ဗုံးကြဲမှုများ၊ ပညာရေးအခြေအနေ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ စစ်ဗိုလ်ချုပ်များအား နိုင်ငံတကာတရားစီရင်ရေးဖြင့် အရေးယူရန်ကြိုးပမ်းမှု၊ အရပ်သားပြည်သူများအား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဥ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများ၊ စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ပွဲဖြစ်ပွားမှုများ၊ လက်နက်ကြီးပစ်ခတ်မှုနှင့် အရပ်သားပြည်သူများ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးနေထိုင်ရခြင်း စသည့်အကြောင်းအရာများ ပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှ သိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့် ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါသည်။ ထို့အပြင် ဖြစ်နိုင်မည်ဆိုလျှင် ရွာသားများကြုံတွေ့ခံစားရသည့် ပြဿနာရပ်များအား ရှေ့ဆက်၍ အနာဂတ်တွင် အတူတကွကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေရန်ဖြစ်ပါသည်။

# စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့်



## အမျိုးသမီးများနှင့် ကလေးသူငယ်များ ထိခိုက်သေဆုံးခြင်း

စစ်ကောင်စီ(SAC)မှ အကြမ်းဖက်နည်းဖြင့် အာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ ကရင်ပြည်နယ်ရှိ ကျေးရွာများအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်မှုပိုမိုများပြားလာခဲ့သည်။ စစ်ကောင်စီတပ်သည် ကျေးရွာများအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုအပြင် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ရွာသူရွာသားများ၏ နေအိမ်၊ စာသင်ကျောင်း၊ ဆေးခန်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့ပြီး ရွာသူရွာသားများအနေဖြင့်လည်း ၎င်းတို့၏ နေ့စဥ်ဘဝရှင်သန်မှုအပေါ် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။ ထို့အပြင် ဤတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား ထိခိုက်မှုများအပြင် အသက်သေဆုံးမှုများပါ ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ မှတ်တမ်းပြုစုချက်များတွင် စစ်ကောင်စီမှ ၂၀၂၁ ခုနှစ်တွင် အဓမ္မအာဏာသိမ်းယူပြီးနောက်ပိုင်း ကရင်ပြည်နယ်အတွင်းသို့ လေကြောင်းတိုက်ခိုက်မှုအနည်းဆုံး (၁၅၅)ကြိမ် ခန့်ရှိခဲ့ပြီး ရွာသူရွာသားအယောက် (၅၀)ထက်မနည်း အသက်သေဆုံးခဲ့ရကာ အနည်းဆုံးအယောက်တစ်ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုသည် အကြိမ်ရေ (၃၅)ကြိမ်ထက်မက ရှိခဲ့ပြီး သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ အယောက် (၃၀)ထက်မနည်း ရှိခဲ့ပါသည်။ ထို့နည်းအတူ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများသည်လည်း KHRG မှတ်တမ်းပြုစုရာ နယ်မြေများအတွင်း ၂၀၂၃ ခုနှစ်အတွင်းတွင် အနည်းဆုံး (၅၂)ကြိမ်ခန့်ရှိခဲ့ပြီး ထိခိုက်သေဆုံးသူ (၆၀)ဦးခန့် ရှိခဲ့ပါသည်။ ဤထိခိုက်သေဆုံးမှုများထဲတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ ပါဝင်ပါသည်။ မှတ်တမ်းပြုစုသည့် နယ်မြေအတွင်းတွင် ဤတိုက်ခိုက်မှုများဖြစ်ပေါ်သည့် နေရာတိုင်းသို့ ဝင်ရောက်နိုင်ရန် လုံခြုံမှုပိုင်းဆိုင်ရာ အခက်အခဲများရှိသောကြောင့် KHRG အနေဖြင့် ထိခိုက်သေဆုံးသည့် လူဦးရေ အရေအတွက် အချက်အလက် အတိအကျကို မှတ်တမ်းပြုစုနိုင်စွမ်းမရှိခဲ့ပါ။ ထို့ကြောင့် စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ချမှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့သည် KHRG မှ ဖော်ပြထားသည်ထက် များပြားနေသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။

လွန်ခဲ့သော ၂၀၂၃ ခုနှစ်၊ မတ်လ (၈) ရက်နေ့ မနက်ပိုင်း ၇း၀၀ နာရီ နှင့် ၈း၀၀ နာရီ ကြားအချိန်တွင် ဝါပါးတောင်ကုန်းတွင် အခြေစိုက်ထားသော SAC ခြေမြန်တပ်ရင်း အမှတ် (၂၄)က ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ကော့လှိုင်းကျေးရွာအုပ်စု၊ ကရူးမဲကျေးရွာအတွင်းသို့ (၁၂၀) မမ လက်နက်ကြီး နှစ်လုံးပစ်ခတ်မှုကြောင့် ကလေးနှစ်ဦးကို ထိမှန်ပြီး သေဆုံးခဲ့သည်။ သေဆုံးခဲ့သော ကလေးသူငယ်နှစ်ဦးအနက် တစ်ဦးမှာ (၉)နှစ်အရွယ်ရှိပြီး အခြားတစ်ဦးမှာ (၁၄)နှစ်အရွယ် ရှိပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့ ညနေ ၃း၃၀ နာရီအချိန်တွင် ပင်ဇီးဝန်း စစ်စခန်းတွင် အခြေစိုက်ထားသော SAC အမြောက်တပ်ရင်း အမှတ် (၃၁၄) သည် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ အဝင်းကြီးကျေးရွာအတွင်းသို့ (၈၁) မမ လက်နက်ကြီး ပစ်ခတ်မှုကြောင့် အသက် (၆)နှစ်မျှသာရှိသော ကလေးငယ်တစ်ဦး ထိခိုက်သေဆုံးခဲ့သည်။

ခလယ်လွှီထူ(ညောင်လေးပင်)ခရိုင်တွင်လည်း ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ ညနေ ၄း၄၅ နာရီအချိန်တွင် SAC ခြေမြန်တပ်ရင်း အမှတ် (၂၀) မှ တပ်သားများသည် ခလယ်လွှီထူ (ညောင်လေးပင်)ခရိုင်၊ ဆောထီ(ရွှေကျင်)မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးရွာသစ်ကျေးရွာသို့ လက်နက်ကြီးသုံးလုံး ရမ်းသမ်းပစ်ခတ်မှုကြောင့် အမျိုးသမီးသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့နည်းတူ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင်လည်း ခလယ်လွှီထူ (ညောင်လေးပင်)ခရိုင်၊ မူး(မုန်း)မြို့နယ်၊ တုံးတောစစ်စခန်းတွင် အခြေစိုက်ထားသော SAC ခြေမြန်တပ်ရင်း အမှတ် (၅၉၉) သည် မူး(မုန်း)မြို့နယ်၊ မိုးတွင်းကျေးရွာအုပ်စု၊ ကျွန်းတောကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးနှင့် သူမ၏ ကလေးနှစ်ဦးအပါအဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရခဲ့သော ကလေးနှစ်ဦးတွင် တစ်ဦးမှာ (၁၁)နှစ် အရွယ်ရှိပြီး အခြားတစ်ဦးမှာ (၅)နှစ်အရွယ်မျှသာ ရှိပါသည်။

မူတြော်(ဖာပွန်) ခရိုင်တွင်မူ စစ်ကောင်စီတပ်များမှ လက်နက်ကြီးပစ်ချမှုနှင့် လေကြောင်းတိုက်ခိုက်မှုများ မကြာခဏ လုပ်ဆောင်လေ့ရှိသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နေ့ မနက်ပိုင်း ၉း၀၀ နာရီအချိန်တွင် ဒုတပ်ခွဲမှူးမျိုးဝင်းဦးဆောင်သော စစ်ကောင်စီ ခြေမြန်တပ်ရင်း အမှတ် ( ၃၄၀) သည် မူတြော်(ဖာပွန်) ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ပွယ်ပကျေးရွာ၊ ခလယ်ခို(ညောင်ပင်)ကျေးရွာ၊ ကျော်ခလီးလို(ပိုရာပါ)ကျေးရွာ စသည့်ကျေးရွာများအနီးတစ်ဝိုက်တွင် ၈၁ မမ လက်နက်ကြီး ၂၀ လုံးခန့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ဤရမ်းပစ်ခတ်မှုကြောင့် ညီအစ်မဖြစ်သည့် အသက် (၁၃)နှစ်အရွယ်နှင့် (၁၆) နှစ်အရွယ်ရှိသော အမျိုးသမီးငယ်နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့ ညနေ ၂း၁၃ နာရီအချိန်တွင်လည်း စစ်ကောင်စီ တိုက်လေယာဉ်လေးစီးဖြင့် မူတြော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ လေးဝါးကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်သောကြောင့် ရွာသူရွာသား(၅)ဦး ထိခိုက်သေဆုံးခဲ့သည်။ သေဆုံးသူများထဲတွင် နှစ်ဦးသည် သားအမိများဖြစ်ကြပြီး မိခင်သည် အသက်(၂၅)နှစ်အရွယ်ရှိပြီး သူမ၏ ကလေးမှာ (၂)နှစ်ခန့်သာရှိသည်။

ဒူးပလာယာခရိုင်တွင်လည်း စစ်ကောင်စီတပ်များ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့ ညအချိန်တွင် စစ်ကောင်စီ တိုက်လေယာဉ်တစ်စီးသည် ဒူးပလာယာခရိုင်၊ ကော်တရီ(ကော့ကရိတ်) မြို့နယ်၊ ကော့နွဲကျေးရွာအုပ်စုအတွင်းရှိ ရွာသူရွာသားများ စစ်ဘေးရှောင်ခိုလှုံနေသော နေရာတစ်ခုတွင် လာရောက်ပစ်ခတ်ခဲ့သည်။ ဤသို့ လာရောက်ပစ်ခတ်မှုကြောင့် စစ်ဘေးရှောင် ကလေးတစ်ဦးအပါအဝင် (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်ကောင်စီတပ်များ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွာသူရွာသားများအနေဖြင့် ကျေးရွာများအတွင်း မနေထိုင်ရဲတော့သဖြင့် ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုစစ်ဘေးရှောင်နေရချိန်တွင် ရွာသူရွာသားများသည် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။ မိုးတွင်းအချိန်တွင် ကလေးသူငယ်များသည် ဖျားနာကြပြီး လိုအပ်သောဆေးဝါးစောင့်ရှောက်မှုများ လုံလုံလောက်လောက်မရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ကူညီမှုများ မရှိခြင်းများကြောင့် ကလေးသူငယ်များသည် သေဆုံးမှုများအထိ ကြုံနေရသည်။ ကိုယ်ဝန်သည်များနှင့် မွေးကင်းစ ကလေးသူငယ်များသည်လည်း လိုအပ်သောအာဟာရနှင့် ဆေးဝါးစောင့်ရှောက်မှုများ လုံလုံလောက်လောက် မရှိသောကြောင့် အသက်သေဆုံးမှုများအထိ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ပွဲများ ဖြစ်ပွားတိုက်ခိုက်နေချိန်အတွင်း၌ ပြည်သူလူထုများနှင့် စစ်သားများကို ခွဲခြားရမည်ဟု အတိအလင်းဖော်ပြထားသည်။ စစ်ကောင်စီမှ ရပ်ရွာများအတွင်းနှင့် လုပ်ကိုင်စားသောက်ရာနေရာများသို့ လက်နက်ကြီးပစ်ချမှုနှင့် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်းသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေကို ချိုးဖောက်သည်သာမက ပြည်သူများအားပစ်မှတ်ထားပြီး တိုက်ခိုက်ခြင်းသည်လည်း စစ်ရာဇဝတ်မှု ကျူးလွန်ရာ ရောက်ပါသည်။ ဤကဲ့သို့ နိုင်ငံတကာဥပဒေနှင့် ရာဇဝတ်မှုကို ကျူးလွန်သော စစ်ကောင်စီအား ထိထိရောက်ရောက် အရေးယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် KHRG အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို မြန်မာစစ်တပ်များအား လေယာဉ်ဆီတင်သွင်းထောက်ပံ့ခြင်းများကို ရပ်တန့်ပေးရန်နှင့် စစ်ကောင်စီခေါင်းဆောင်များ၏ စီးပွားရေးလမ်းကြောင်းများကို ပိတ်ဆို့ပေးရန် တောင်းဆိုပါသည်။ ထို့နည်းအတူ မြန်မာစစ်တပ်များ၏ ဖိနှိပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခါးစည်းခံနေရသော ပြည်သူလူထုများကို ကူညီထောက်ပံ့စောင့်ရှောက်ပေးသည့် လူမှုအဖွဲ့အစည်းများအား နိုင်ငံတကာမှ ပိုမိုထောက်ပံ့ပေးရန်အတွက်လည်း တောင်းဆိုလျက်ရှိသည်။ ထို့အပြင် KHRG မှ ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရာဇဝတ်မှုကိုကျူးလွန်သော အာဏာသိမ်းစစ်တပ်ခေါင်းဆောင်များအား အရေးယူနိုင်ရန် နိုင်ငံတကာခေါင်းဆောင်များမှ ပိုမိုဖိအားပေးရန် တောင်းဆိုလျက်ရှိသည်။





# စစ်ကောင်စီ အာဏာသိမ်းပြီးနောက် ကာရင်ပြည်နယ်တွင်း ပညာရေးအခြေအနေ

၂၀၂၁ ခုနှစ် စစ်ကောင်စီအာဏာသိမ်းပြီးနောက် ကရင်ပြည်နယ်တွင် ပညာသင်ကြားရန် အခွင့်အရေးများလျော့နည်း လာသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း KHRG မှ လက်ခံရရှိသည့် သတင်းအချက်အလက်များအရ အထူးသဖြင့် တောအူး၊ ခလယ်လွီထူနှင့် မူတြော်ခရိုင်တို့တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ရေးလှုပ်ရှားမှုများ ပိုမိုများပြားလာခြင်းကြောင့် ဒေသခံရွာသားများသည် ထွက်ပြေးတိမ်းရှောင်နေရပြီး ကျောင်းများကို ပိတ်ထားခဲ့ရသည်။ အချို့ဒေသများတွင် ကျောင်းဆရာ/ ဆရာမများသည် CDM လှုပ်ရှားမှုတွင် ပါဝင်လာသောကြောင့် ကျောင်းများတွင် ဆရာ/ ဆရာမများ လုံလုံလောက်လောက်မရှိတော့သဖြင့် ကျောင်းသူ/ ကျောင်းသားများအနေဖြင့် ပညာဆည်းပူးရာတွင် အခက်အခဲများရှိလာခဲ့သည်။ ထိုအခြေအနေများကြောင့် ဒေသခံရွာသားများသည် ကိုယ်ထူကိုယ်ထကျောင်းများကိုဖွင့်လှစ်၍ ၎င်းတို့သားသမီးများကို ဆက်လက်ကျောင်းထားနိုင်ခဲ့သည်။

## တောအူးခရိုင်

တောအူးခရိုင်တွင် မြို့နယ်နှစ်ခုရှိသည်။ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်နှင့် ထောတထူ(ထန်းတပင်)မြို့နယ်တို့ ဖြစ်သည်။ မြို့နယ်တိုင်းတွင် စာသင်ကျောင်းများရှိသည်။ သို့သော် စစ်ကောင်စီအာဏာသိမ်းပြီးနောက် အစိုးရကျောင်းများတွင် စာသင်ပေးသော အချို့ကျောင်း ဆရာ/မ များသည် စစ်ကောင်စီကိုအလိုမရှိသဖြင့် CDM တွင် ပါဝင်ကြသောကြောင့် ကျောင်းများတွင် ဆရာ/မများ လျော့နည်းသွားသဖြင့် ကျောင်းများကိုပိတ်ထားခဲ့ရသည်။ ကျောင်းသူ/သားများ ဆက်လက်၍ ပညာသင်ယူခွင့်ရရှိနိုင်ဖို့ရန်အတွက် အချို့သော နေရာဒေသများတွင် ကျောင်းသားမိဘများမှစတင်၍ ကိုယ်ထူကိုယ်ထကျောင်းများကိုဖွင့်လှစ်ခဲ့ကာ စာသင်ပေးမည့် ဆရာ/မ များကိုလည်း အလုပ်ခန့်ထားခဲ့ကြသည်။ ဒေသခံရွာသူရွာသားများ (ကျောင်းသားမိဘများ) ကိုယ်ထူကိုယ်ထကျောင်းများကို ဖွင့်လှစ်ခဲ့ရခြင်း၏ အကြောင်းအရင်းမှာ ကျောင်းသူ/သားများ ပညာမသင်ယူနိုင်မည်ကို စိုးရိမ်သောကြောင့်ပင်ဖြစ်သည်။ အလယ်တန်းကျောင်းသားများနှင့် အထက်တန်းကျောင်းသားများက ထိုလွီဝါး အထက်တန်းကျောင်းနှင့် ဒေါ်ဖားခိုခရိုင် KECD အလယ်တန်းကျောင်းနှင့် အချို့မှာ တောအူး၌တည်ရှိသည့် ထောတထူမြို့နယ် KECD အထက်တန်းကျောင်းတို့တွင် ပညာသင်ယူနေကြပါသည်။ UNICEF သည်လည်း KECD လက်လှမ်းမမီနိုင်သော နေရာဒေသများတွင် ကျောင်းပစ္စည်းများအား ထောက်ပံ့ကူညီပေးသည်။

ဖွင့်လှစ်လျက်ရှိနေသောအစိုးရကျောင်းများတွင် တွေ့ကြုံနေရသော အခက်အခဲပြဿနာများမှာ ကျောင်းတွင်ကျောင်းဆရာ/မများ လုံလောက်စွာမရှိခြင်းဖြစ်သည်။ ကျောင်းတွင် စာသင်ကြားပေးသော ကျောင်းဆရာ/မများ လုံလုံလောက်လောက်မရှိသောကြောင့် ကျောင်းသူ/သားများ၏ ပညာသင်ယူရာတွင် အခက်အခဲ အဟန့်အတားများ ဖြစ်စေကာ၊ ကျောင်းသားများ ကောင်းမွန်စွာပညာ မသင်ယူနိုင်သောကြောင့် ပညာရေးပိုင်းတွင်အားနည်းလာခြင်းဖြစ်သည်။ အချို့သော နေရာဒေသတွင် SAC ၏တာဝန်ရှိသူများသည် ဒေသခံရွာသူရွာသားများကို အတင်းအဓမ္မ အစိုးရကျောင်းတက်ခိုင်းခဲ့သည်သာမက အစိုးရကျောင်းတက်နေသော ကျောင်းသားများ၏ အိမ်ထောင်စုစာရင်းဝင်များ၏ နာမည်များကိုလည်း [SAC]များမှ စာရင်းကောက်ယူခဲ့သောကြောင့် ကျောင်းသားမိဘများက SAC မှပြုလုပ်မည့် ရွေးကောက်ပွဲတွင် အသုံးပြုမည်ကို စိုးရိမ်နေကြသည်။ အစိုးရကျောင်းတက်သော ကျောင်းသားများသည်လည်း ကျောင်းတက်ရာတွင် လုံခြုံမှုမရှိသဖြင့် ကျောင်းသားမိဘများမှ နေ့တိုင်း ကလေးကျောင်းပို့ကျောင်းကြို လုပ်ပေးနေရသည်။ စစ်ကောင်စီတပ်နှင့် နီးသောကျောင်းများသည် ထိတ်လန့်မှုများနှင့် ဘေးရန်များကိုတွေ့ကြုံရင်ဆိုင်နေကြသည်။ အချို့သော စစ်ကောင်စီတပ်များသည် ကျောင်းများတွင် လာရောက်တပ်စွဲခြင်းများပင်ရှိသည်။

## ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်

ရွာသူရွာသားများအတွက် စစ်ကောင်စီ၏ စစ်ရေးလှုပ်ရှားမှုများ တိုးချဲ့လာသည့်အပေါ် စိုးရိမ်မှုများ ပိုမိုတိုးမြင့်တက်လာခဲ့သည်။ ထို့ကြောင့် ဆောထီးမြို့နယ်၊ ကလောအုပ်စု၊ ကလောသိုးခီးရွာတွင် တည်ရှိသည့် KECD မူလတန်းကျောင်းတစ်ကျောင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပိတ်ခဲ့ရသည်။ ထို့နည်းတူ (ခလယ်လွီထူခရိုင်တွင်းရှိ) အခြားကျောင်းများဖြစ်သည့် ထူးလူးအထက်တန်းကျောင်း၊ ဘောလော်တဲထအလယ်တန်းကျောင်း၊ မဲကတီ အလယ်တန်းကျောင်းနှင့် တာစေဒါ မူလတန်းကျောင်းများလည်း နှစ်ဝက်စာမေးပွဲမတိုင်မီတွင် ကျောင်းများကို ပိတ်ထားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် SAC မှ ဝေဟင်ကင်းထောက်လှမ်းမှုများ လုပ်ဆောင်နေသဖြင့် ကျောင်းဆရာ/ဆရာမများနှင့် ကျောင်းသူကျောင်းသားများအတွက် စိုးရိမ်မှုများဖြစ်စေ၍ လုံခြုံမှုများမရှိသောကြောင့်ဖြစ်သည်။

လါထီးသိုတပ်၌ တည်ရှိသော စစ်ကောင်စီ ခြေလျင်တပ်ရင်း ၅၉၈ စစ်တပ်သည် [ရွာ/ကျောင်း] နှင့်နီးသည်ဖြစ်၍ [စစ်ကောင်စီတပ်သားများသည်ရွာအတွင်း] စစ်ရေးလှုပ်ရှားမှုများနှင့် စစ်အင်အားများပိုမိုတိုးချဲ့လာခြင်းကြောင့် ကျောင်းဆရာ/မများနှင့် ကျောင်းသားများအတွက် လုံခြုံမှုမရှိပေ။ လေကြောင်းဖြင့် တိုက်ခိုက်သောကြောင့် ကျောင်းသူ/သားများနှင့် ဆရာ/မများတို့သည် နေရာဒေသပြောင်းရွှေ့ကာ တောတွင်ပုန်းရှောင်နေခဲ့ပါသည်။ ဒေသခံများသည် တောတွင်ပုန်းရှောင်နေရသဖြင့် ကလေးများ ကျောင်းမတက်နိုင်ကြပေ။

ကျောင်းသားမိဘများအနေဖြင့် ယခုနှစ်ပညာရေးအခြေအနေသည် ယခင်နှစ်၏ ပညာရေးအခြေနေနှင့်တူညီမည်ကို စိုးရိမ်နေကြသည်။ ယခုအချိန်သည် ကျောင်းဖွင့်မည့်အချိန်နှင့် နီးကပ်လာပြီဖြစ်သော်လည်း လူငယ်ကျောင်းသားများအနေဖြင့် ပညာသင်နှစ်ကုန်သည့်အထိ ပညာရေးဆည်းပူးခွင့်မရရှိဘဲ ကျောင်းပိတ်လိုက်ရမည်ကို ကြိုသိမြင်ရသောကြောင့် ဤအရာသည် လူငယ်များအတွက်အခက်အခဲပြဿနာတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက် နေ့တွင် စစ်ကောင်စီသည် လေကြောင်းဖြင့် ကောမူးဒါးဒေသ၊ ဆောထီးမြို့နယ်သို့တိုက်ခိုက်ခဲ့သည့်အတွက် အချို့သောရွာသူရွာသားများသည် ရွာတွင်းမနေရဲသောကြောင့် ရွာပြင်နှင့်တောတောင်များကြားတွင် သွားရောက်နေထိုင်ခဲ့ကြရသည်။ [ထို့ကြောင့် ကျောင်းသူ/သားများ ကျောင်းစာမသင်ယူနိုင်ခဲ့ကြပါ]။

အချို့သောဒေသများတွင် မူလတန်းအဆင့်ကျောင်းသာရှိသည့်အတွက် အလယ်တန်းတက်မည့် ကျောင်းသားနှင့် အထက်တန်းတက်မည့်ကျောင်းသားများအနေဖြင့် အခက်အခဲများ တွေ့ကြုံကြရသည်။ အစိုးရကျောင်းများတွင် နှစ်ကုန်ထိ ပညာသင်ကြားခွင့်ရှိသော်လည်း ကျောင်းသားမိဘများသည် ၎င်းတို့၏ကလေးများကို ထိုကျောင်းများ၌ မအပ်ချင်ကြပါ။ အဘယ်ကြောင့်ဆိုသော် မိဘများသည် သားသမီးများအတွက် လုံခြုံမှုမရှိဟု ယူဆသောကြောင့်ဖြစ်သည်။

စစ်ကောင်စီအာဏာသိမ်းပြီးနောက် [ကောမူးဒါးဒေသ၊ ဆောထီးမြို့နယ်၌တည်ရှိသော] ကိုယ်ထူကိုယ်ထကျောင်းများတွင် ကျောင်းသားဦးရေ ပိုမိုတိုးများလာသော်လည်း ယခုအချိန်တွင် ကျောင်းသားဦးရေ လျော့နည်းလာပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သောကျောင်းသားများသည် စစ်ကောင်စီ၏ စစ်ကြောင်းတိုးချဲ့ခြင်းကြောင့်သော်လည်းကောင်း လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့်သော်လည်းကောင်း ထိုင်းနယ်စပ်သို့ပြောင်း၍ ကျောင်းသွားတက်ကြသည်။ ကျောင်းသားမိဘများသည် သားသမီးများ၏လုံခြုံမှုကို စိုးရိမ်ကြသည့်အတွက် ကျောင်းဆက်၍မထားတော့ပေ။

စစ်ရေးလှုပ်ရှားမှုများတိုးလာသည်နှင့်အညီ လေကြောင်းတိုက်ခိုက်မှုနှင့် (ရွာသားများအား) ခြိမ်းခြောက်ခြင်းများပြုသောကြောင့် ကျောင်းသားများ တကွဲတပြား ထွက်ပြေးပုန်းရှောင် နေရသည်ကို တွေ့မြင်ရသည်။ အချို့သောကျောင်းသားများမှာပညာရေးတွင်စိတ်မဝင်စားတော့ပေ။

## မူတြော်(ဖာပွန်)ခရိုင်

မူတြော်ခရိုင်၏ ပညာရေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ သတင်းကောက်ယူထားပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် ညသန်းခေါင်ကျော် ၁၂:၂၀ တွင် စစ်ကောင်စီမှ လေကြောင်းဖြင့် လူသောမြို့နယ်၊ ပေးကေးကျေးရွာအုပ်စု၊ မော်လေးခိုရွာသို့ တိုက်ခိုက်ခဲ့သည်။ ထိုသို့လေကြောင်းဖြင့် တိုက်ခိုက်ခြင်းကို ကြောက်ရွံ့သောကြောင့် ထီးရှီးမူးမူလတန်းကျောင်းနှင့်ဒေးလိုနောအထက်တန်းကျောင်းတို့သည်လည်း ပိတ်ခဲ့ရသည်။ ပေကေးကျေးရွာ၊ မူတြော်ခရိုင်တွင်တည်ရှိသော စယ်သွဲ့သောအထက်တန်းကျောင်းနှင့် junior college(JC)တို့မှာမူ ရွာပြင်ထွက်၍ တော၌ပညာသင်ယူကြသည်။ သို့သော်လည်း ကျောင်းစာများကိုကောင်းမွန်စွာမသင်ယူရခဲ့ပေ။ ကျောင်းဆရာအများစုမှာ တောင်သူလယ်သမားများဖြစ်ကြပြီး လုပ်ကိုင်စားသောက်ရန်အတွက် ၎င်းတို့ရွာ၌ နေထိုင်ခွင့်မရသောကြောင့် စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ထိုသို့ ရွှေ့ပြောင်းနေထိုင်ရစဉ်အချိန်ကာလအတွင်းတွင် ကျောင်းဆရာ/မများနှင့် ကျောင်းသူ/သားများသည် ကျောင်းစာသင်ရင်းတစ်ဖက် ကျောင်းအဆောက်အအုံဆောက်ရင်းတစ်ဖက် လုပ်ဆောင်နေရသောကြောင့် ကျောင်းစာများကို ကောင်းကောင်းမွန်မွန် တစ်စိုက်မတ်မတ် မသင်ကြားနိုင်ကြပေ။

ယခင်ပညာရေးစနစ်နှင့် လက်ရှိပညာရေးစနစ်တွင် ပြန်လည်စမ်းစစ်ကြည့်ခြင်းအားဖြင့် မည်သည့်ထူးခြားကွာဟချက်များကိုမှ မတွေ့ရသည့်အတွက် အချို့ရွာသားများက KECD ၏ပညာရေးစနစ်ကို အသုံးပြုကာ ကိုယ်ထူကိုယ်ထကျောင်းများကို တည်ဆောက်ခဲ့ကြသည်။ စစ်ရေးလှုပ်ရှားမှုများတိုးချဲ့ခြင်းနှင့် ဝေဟင်ကင်းထောက်လှမ်းမှုများ ပိုမိုလုပ်ဆောင်လာသောကြောင့် ကျောင်းသား၊ ကျောင်းသားမိဘ၊ ကျောင်းဆရာ၊ ကျောင်းဆရာမများသည် တောတောင်များတွင် စစ်ပြေးပုန်းရှောင်နေရပြီး စာကိုကောင်းမွန်စွာမသင်ယူနိုင်ခဲ့ပဲ ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်။



# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များကို ဒူးပလာယာခရိုင်တွင် ၁ ခု၊ ဘိတ်–ထားဝယ်ခရိုင်တွင် ၃ ခုနှင့် မူတြော်ခရိုင်တွင် ၁ ခု စုစုပေါင်း (၅)ခုကို KHRG မှ လက်ခံရရှိခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားရသည့်သူများထဲတွင် မသန်စွမ်းသူများနှင့် အသက်မပြည့်သေးသည့်မိန်းကလေးငယ်များလည်းပါဝင်ပြီးကျူးလွန်ကြသည့်သူအချို့မှာ အဆိုပါစော်ကားခံရသည့်သူများ၏ ဆွေမျိုးသားချင်းတော်စပ်သူများဖြစ်ကြသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပထမဖြစ်စဉ်မှာ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူတစ်ဦးအပေါ် အဓမ္မပြုကျင့်မှုတစ်ခုဖြစ်သည်။ ဒူးပလာယာခရိုင်၊ ကရူတူး(ကျုံဒိုး)မြို့နယ်၊ ကော်ဆာကျေးရွာအုပ်စု၊ က–––ကျေးရွာတွင် နေထိုင်သည့် မခ––– အသက် (၂၀)ကျော် အိမ်ထောင်မရှိသောသူတစ်ဦးကို မရမ်းကုန်းဘုန်းကြီးကျောင်းတွင် သတင်းသုံးနေသည့် ဦးပဍ္ဍင်းမောင်ဝင်းနိုင်မှ သူမအား ၂၀၂၁ ခုနှစ်မှစ၍ ၂ နှစ်ကျော်အတွင်း အကြိမ်ကြိမ်အဓမ္မပြုကျင့်ခဲ့သည်။ ဦးပဍ္ဍင်းမောင်ဝင်းနိုင်သည် မခ–––ကို အဓမ္မပြုကျင့်သည့်အကြိမ်တိုင်း ထိုကိစ္စနှင့်ပတ်သတ်၍ သူမအနေဖြင့် အခြားသူများကိုမပြောပြရန် သူမအားခြိမ်းခြောက်လေ့ရှိသည်။ အကယ်၍ အခြားသူများကိုပြောပြလျှင် ဦးပဍ္ဍင်းမောင်ဝင်းနိုင်သည် သူမကိုသတ်ပစ်မည်ဖြစ်ကြောင်း မခ–––မှ ပြောပြခဲ့သည်။ ထို့ကြောင့် မခ–––သည် ၂ နှစ်ကြာထိ ဘာမျှမပြောရဲပဲ နှုတ်ဆိတ်နေခဲ့ရသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် မခ–––သည် မရမ်းကုန်းဘုန်းကြီးကျောင်းတွင် သီလရှင်ဝတ်၍ နေထိုင်ခဲ့သည်။ ထို့နောက်တွင် ဦးပဍ္ဍင်းမောင်ဝင်းနိုင်သည် သီလရှင် မခ–––ကို အဓမ္မပြုကျင့်ခဲ့ပြန်သည်။ မခ–––၏ သူငယ်ချင်းများက ထိုအဖြစ်အပျက်ကို မြင်တွေ့ခဲ့ပြီး ၎င်းအခြေအနေကို တင်ပြခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုခံစားခဲ့ရသည့် အတွက်ကြောင့် မခ–––သည် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် သီလရှင်မဝတ်တော့ဘဲ လူထွက်ခဲ့ရသည်။ ထို့နောက် မခ–––ကို ကျုံဒိုးမြို့နယ် ကရင်အမျိုး သမီးအဖွဲ့မှ အမျိုးသမီးများအား ကြည့်ရှုစောင့်ရှောက်သောနေရာသို့ ပို့ဆောင်ခဲ့သည်။ သို့သော်လည်း ဦးပဍ္ဍင်းမောင်ဝင်းနိုင်သည် ဘုန်းကြီးလူထွက်ခဲ့ခြင်းမရှိခဲ့ပေ။ ဤဖြစ်စဉ်ကို ကျေးရွာအုပ်စုခေါင်းဆောင်သို့ တင်ပြခဲ့ပြီး နားလည်မှုဖြင့်သာ အမှုကိုဖြေရှင်းခဲ့သည်။ သို့သော်လည်း ဤအမှုကို ပြန်လည်ဖြေရှင်းရန်အတွက် KNU ကရူတူးမြို့နယ်အဆင့်နှင့် ခရိုင်အဆင့်သို့တင်ပြ၍ တိုင်ကြားထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဧပြီလတွင်မြို့နယ်၊ ခရိုင်အဆင့်တွင် ၎င်းအမှုကို ကိုင်တွယ်ဖြေရှင်းနေဆဲဖြစ်သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ဘိတ်–ထားဝယ်ခရိုင်တွင် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်(၃)ခုရရှိခဲ့သည့်အထဲမှ ဖြစ်စဉ်များသည် အသက်မပြည့်သေးသည့် မိန်းကလေးငယ်များဖြစ်ပြီး ထိုမိန်းကလေးငယ်သုံးဦးကို ကရင်အမျိုးသမီးအဖွဲ့မှ ကြည့်ရှုစောင့်ရှောက်သောနေရာတွင် စောင့်ရှောက်ထားပါသည်။ယခုတွင် ထိုမိန်းကလေးသုံးဦးအနက် တစ်ဦးမှာ ကိုယ်ဝန်ရခဲ့ပြီး အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ ခ––– ကျေးရွာနေ အသက် ၁၇ နှစ်သာရှိသေးသည့် အဓမ္မပြုကျင့်ခံရသူ နော်ဂ––– သည် သူမ၏ ဦးလေးတော်စပ်သူ ဦးဖဲခေါ့မှ ၂၀၂၂ ခုနှစ်၊ အောက်တို ဘာလတွင် အဓမ္မပြုကျင့်ခဲ့သည်။ ဦးဖဲခေါ့သည် လယ်ဒိုးစိုးမြို့နယ်၊ ဂမုန်းသွင်ကျေးရွာအုပ်စု၊ ခ––– ကျေးရွာတွင် နေထိုင်သူဖြစ်သည်။ နော်ဂ––– သည် အဓမ္မပြုကျင့်ခံရပြီးနောက် သူမကို လယ်ဒိုစိုးမြို့နယ် ကရင်အမျိုးသမီးအဖွဲ့မှ ကြည့်ရှုစောင့်ရှောက်သောနေရာသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် သူမသည် ကိုယ်ဝန်ကို လအတော်ကြာလွယ်ခဲ့ရပြီး မွေးဖွားခါနီးချိန်တွင် ရောက်နေပြီးဖြစ်သည်။ သူမကြုံတွေ့ခဲ့ရသည့်အခြေအနေနှင့်ပတ်သတ်ပြီး သူမ၏ခံစားချက်ကို ဤကဲ့သို့ပြောပြခဲ့သည်။

**“အခုလိုဖြစ်သွားတာ ကျွန်မအရမ်းစိတ်ထိခိုက်တယ်။ ကျွန်မ မပျော်ရွှင်နိုင်ဘူး။ လူကြားထဲမှာ ကျွန်မအရမ်းစိတ်အားငယ်ရတယ်။ (…) ကျွန်မ ပညာဆက်လက်လေ့လာသင်ယူချင်သေးတယ်။ တစ်နေ့ကျရင် တိုင်းပြည်နဲ့လူမျိုးအတွက် ခေါင်းဆောင်တစ်ယောက်ဖြစ်အောင် ကျွန်မဆက်လက်ကြိုးစားချင်သေးတယ်။”**

ယခုအချိန်တွင် နော်ဂ––– သည် ကိုယ်ဝန်ရင့်မာလာပြီး ဆွေမျိုးသားချင်းများနှင့်လည်း အနေဝေးရသည့်အတွက်ကြောင့် သူမမွေးဖွားလာမည့်ကလေးအတွက် ကူညီစောင့်ရှောက်မှုများ လိုအပ်နေပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လအတွင်း မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဂ––– ကျေးရွာတွင် လိင်ပိုင်းဆိုင်အကြမ်းဖက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခံစားရသူမှာ အသက်မပြည့်သေးသည့် မိန်းကလေးငယ်တစ်ဦးဖြစ်သူ မဃ–––ဖြစ်သည်။ သူမ၏အသက်သည် (၇)နှစ်သာရှိသေးသည်။ သူမ၏ပထွေးဖြစ်သူ နေဝင်းဖြိုးမှ သူမအား အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။ နေဝင်းဖြိုးသည် အသက် (၃၁)နှစ်ရှိပြီးဖြစ်သည်။ နေဝင်းဖြိုးသည် မဃ––– အား အကြိမ်ကြိမ်အဓမ္မပြုကျင့်ခဲ့သည်။ နောက်ဆုံးတစ်ကြိမ်တွင် မဃ––– ၏မိခင်မှ သူမ၏သမီးအစော်ကားခံရသည့်အကြောင်းကို သိရှိသွားခဲ့သည်။ နေဝင်းဖြိုးသည် SAC ခြေမြန်တပ်ရင်းအမှတ် (၃၄၀)မှ တပ်သားတစ်ဦးဖြစ်ပြီး ၎င်း၏ရာထူးမှာ တပ်ကြပ်ကြီးဖြစ်သည်။ ၎င်းသည် ဖာပွန်မြို့၊ ဘွဲကလားကျေးရွာတွင် နေထိုင်ပါသည်။ KNU အာဏာပိုင်များသည် ပြစ်မှုကျူးလွန်သူ နေဝင်းဖြိုးကို ဖမ်းဆီးစစ်ဆေး၍ ကမမောင်းမြို့သို့ ပို့ဆောင်ခဲ့သည်။ မဃ––– ၏မိခင်ဖြစ်သူသည် သူမ၏သမီးလုံခြုံရေးအတွက် စိုးရိမ်နေရသဖြင့် သူမ၏သမီးကို မော်လမြိုင်မြို့သို့ ပို့ဆောင်ခဲ့သည်။



# မြန်မာစစ်တပ်ဗိုလ်ချုပ်များအား ဂျာမနီနိုင်ငံတရားရုံးတွင် နိုင်ငံတကာတရားစီရင်ရေးဖြင့် အရေးယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ကြိုဆိုထောက်ခံ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာပြည်မှ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသည့် သက်သေ ၁၆ ဦးနှင့်အတူ Fortify Rights လူ့အခွင့်အရေးအဖွဲ့အစည်းသည် မြန်မာစစ်ခေါင်းဆောင်များမှ ကျူးလွန်နေသော လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအပေါ် ဂျာမနီနိုင်ငံတရားရုံးတွင် နိုင်ငံတကာတရားစီရင်ရေးဖြင့် အမှုဖွင့်တရားစွဲဆိုနိုင်ရန် တိုင်ကြားချက်တစ်ခု တင်သွင်းခဲ့ပါသည်။ Fortify Rights လူ့အခွင့်အရေးအဖွဲ့အစည်းမှ လက်ရှိဆောင်ရွက်နေသည့် တိုင်ကြားချက်သည် တစ်ခုတည်းသော တာဝန်ခံမှုဆိုင်ရာ ကနဦးဆောင်ရွက်ချက်မဟုတ်သော်လည်း ဤတရားစီရင်ရေးလုပ်ငန်းစဥ်သည် ကရင်နှင့် အခြားတိုင်းရင်းသားလူနည်းစုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပြင် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုများကိုပါ ပထမဆုံးပါဝင်သည့် တရားစီရင်ရေးလုပ်ငန်းစဥ်ဖြစ်ပါသည်။ KHRG အနေဖြင့် ယခုကြိုးပမ်းမှုအသစ်အား ကြိုဆိုသည့်အပြင် မြန်မာစစ်တပ်၏ နိုင်ငံတကာ ရာဇဝတ်မှုကျူးလွန်ကြောင်း နောက်ထပ်အထောက်အထားများပြသရန်အတွက် ဂျာမနီနိုင်ငံမှ တရားစီရင်ရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားပြီးဖြစ်ပါသည်။

ဂမ်ဘီယာမှ မြန်မာအား နိုင်ငံတကာတရားရုံး(ICJ)တွင် တရားစွဲဆိုထားသောအမှုနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)မှ စုံစမ်းစစ်ဆေးနေသော ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာ အငြင်းပွားမှုအမှုတွင် မြန်မာစစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများတွင် ရိုဟင်ဂျာလူမျိုးများအပေါ်ကျူးလွန်သည့် အကြမ်းဖက်မှုများသာ အကျုံးဝင်ပါသည်။ အာဂျင်တီးနားနိုင်ငံတွင် စွဲဆိုထားသည့်အမှုသည်လည်း မြန်မာစစ်တပ်မှ ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာလူမျိုးစုအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်ခြင်းနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ဆက်စပ်ပြီး စွဲဆိုထားသည့်အမှုဖြစ်ပါသည်။ ထို့နည်းတူ တူရကီနိုင်ငံတွင် တိုင်ကြားထားသည့်အမှုသည် လူမျိုးပေါင်းစုံအတွက် အကျုံးဝင်သော်လည်း ညှင်းပန်းနှိပ်စက်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများသာ ပါဝင်ပါသည်။ ထို့ကြောင့် စစ်ကောင်စီအား တရားစွဲဆိုထားသည့်အမှုများထဲတွင် Fortify Rights လူ့အခွင့်အရေးအဖွဲ့အစည်းမှ ဂျာမနီနိုင်ငံတရားရုံးတွင် တိုင်ကြားထားသည့်အမှုသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မတူကွဲပြားသည့်လူမျိုးစုများမှ ရင်ဆိုင်ကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထင်ဟပ်စေနိုင်သည့် ပထမဦးဆုံးသောအမှုဖြစ်ပါသည်။ ထို့အပြင် ဤအမှုသည် ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်နှင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်တပ်မှကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများပါဝင်သောကြောင့် မြန်မာစစ်တပ်၏ချိုးဖောက်မှုများကို စစ်အာဏာမသိမ်းမီ လွန်ခဲ့သည့်အချိန်များအတွင်းခံစားခဲ့ရသူများအတွက်လည်း တရားမျှတမှုရရှိရန်အတွက် မျှော်လင့်ချက်များလည်းယူဆောင်လာစေပါသည်။

ဤတိုင်ကြားမှုတွင် သက်သေအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြုံတွေ့ခံစားရဖူးသူကရင်ရွာ သူကြီးဟောင်းတစ်ဦးလည်း ပါဝင်ပါသည်။ **“လူ့အခွင့်အရေးချိုးဖောက်မှုတွေက အထူးသဖြင့် မြန်မာနိုင်ငံထဲမှာရှိတဲ့ တိုင်းရင်းသားဒေသတွေမှာဖြစ်ပွားခဲ့တာ အများကြီးရှိတယ်။ ပြီးတော့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျူးလွန်တဲ့အဓိကတရားခံဟာ မြန်မာစစ်တပ်ကဖြစ်တယ်။”** ဟု ၎င်းမှ Fortify Rights အား ရှင်းပြခဲ့သည်။ ထို့အပြင် **“မြန်မာစစ်တပ်က ကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေကို ဘယ်တုန်းကမှ အရေးယူတာမရှိခဲ့ဘူး။ မြန်မာစစ်တပ်ကနေ သူတို့ကျူးလွန်တဲ့ရာဇဝတ်မှုတွေအတွက် တာဝန်ယူမှု တာဝန်ခံမှုပေးတာ ကျနော်တခါမှလည်း မတွေ့ဖူးဘူး။”** ဟု ဆိုပါသည်။ ၎င်းမှဆက်လက်ကာ **“နိုင်ငံတကာအဖွဲ့အစည်းနဲ့အတူတကွပူးပေါင်းပြီး ကူညီပံ့ပိုးပေးထားတဲ့ရာဇဝတ်မှုဆိုင်ရာတိုင်ကြားမှုကနေ စစ်ကောင်စီကိုအရေးယူလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ တရားမျှတမှုရှိစွာ ဆောင်ရွက်မယ်လို့လည်း မျှော်လင့်မိပါတယ်။”** ဟု ထပ်လောင်းပြောဆိုခဲ့ပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဒေသခံအရပ်သားပြည်သူများသည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများကို ဆယ်စုနှစ်များစွာကြုံတွေ့လာခဲ့ရပြီးဖြစ်သော်လည်း တရားမျှတမှုရရှိရန်အတွက်မူ မျှော်လင့်ချက် တစ်စုံတရာမရှိခဲ့ဖူးပါ။ အာဏာသိမ်းမှုနောက်ပိုင်း မြန်မာစစ်တပ်အား နိုင်ငံတကာနှင့် ပြည်ပတရားစီရင်ရေးစနစ်များတွင် တရားစွဲဆိုမှုနှင့် စုံစမ်းစစ်ဆေးမှုများ ပိုမိုလုပ်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤတရားစွဲဆိုမှုမှတစ်ဆင့် မြန်မာနိုင်ငံမှ များစွာသော လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှု ယူဆောင်ပေးနိုင်မည်ကို မျှော်လင့်ပါသည်။ ထို့နည်းအတူ KHRG သည် စစ်တပ်မှအပြစ်ဒဏ်ကင်းလွတ်ခွင့်အပြည့်ဖြင့် ဆက်လက်ကျူးလွန်နေသော ရာဇဝတ်မှုများကို အဆုံးသတ်နိုင်ရန်အတွက်နှင့် ပြစ်မှုကျူးလွန်သူများမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာစေရန် သက်ဆိုင်ရာနိုင်ငံတကာတရားစီရင်ရေး ယန္တရားများနှင့်သော်လည်းကောင်း နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်သော်လည်း ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ပါသည်။



# စစ်ကောင်စီ၏စစ်သားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားများအား အဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC) စစ်သားများ၏ ကျေးရွာရှိရွာသားများအား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများသည် SAC မှ စစ်အာဏာသိမ်းပြီးနောက်ပိုင်းနှင့် လွန်ခဲ့သည့်ခြောက်လအတွင်း နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပိုမိုများပြားလာနေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ထိန်းချုပ်နယ်မြေအတွင်းဖြစ်ပွားခဲ့သော ဖမ်းဆီးမှုပေါင်း(၉)ခု၊ ညှဉ်းပန်းနှိပ်စက်မှုပေါင်း(၃)ခုနှင့် သတ်ဖြတ်မှုပေါင်း(၂၅)ခုကို လက်ခံရရှိခဲ့ပါသည်။ SAC ၏ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်သတ်ဖြတ်ခြင်းများသည် KNU ထိန်းချုပ်နယ်မြေဖြစ်သည့် ခရိုင်ခုနစ်ခရိုင်အတွင်း ဖြစ်ပျက်လျှက်ရှိနေပါသည်။ အဆိုပါလက်ခံရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပွားမှုအရေအတွက်သည် အမှန်တကယ်ဖြစ်ပွားသည့် ကိန်းဂဏန်းထက် နည်းနေလိမ့်မည်ဖြစ်သည်။

SAC စစ်သားများမှ ရွာသားများကို သူလျှိုအဖြစ်စွပ်စွဲဖမ်းဆီးခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်သည်ဟုသံသယဝင်ကာ ဖမ်းဆီးခြင်း၊ စစ်ဆေးရေးဂိတ်များတွင် ဖုန်းများစစ်ဆေးကာ ဖမ်းဆီးခြင်း၊ စစ်ကြောင်းထိုးချိန်တွင် လူသားဒိုင်းအဖြစ်အသုံးပြုရန် ဖမ်း ဆီးခြင်းအပြင် ဖမ်းဆီးရမိထားသူများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကိုပါ ဆက်လက်ကျူးလွန်လာခဲ့ကြပါသည်။ SAC စစ်သားများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံရသည့် ရွာသားများထဲတွင် အမျိုးသားများနှင့်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အသက်မပြည့်သေးသည့်ကလေးလူငယ်များလည်း ပါဝင်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၃း၀၀နာရီဝန်းကျင်ခန့်တွင် စောစေးအယ်ဂေ (အသက် xx နှစ်) သည် ခလယ်လွိုထူခရိုင် (သထုံခရိုင်)၊ ဆောထီး(ရွှေကျင်)မြို့နယ်၊ အောပလားကျေးရွာအုပ်စု၊ အောပလားကျေးရွာမှ သဒေါ်ကလိုး(ပုဇွန်မြောင်း) ကျေးရွာတွင်း ဘဲဟင်းချက်စားရန်အတွက် တစ်ဦးတည်း ဘဲသွားဝယ်စဉ်အချိန်တွင် စစ်ကောင်စီ ခမရ (၂၀) (သထုံမြို့အခြေစိုက်) မှ ၎င်းအား ဖမ်းဆီးခဲ့ပါသည်။ စောစေးအယ်ဂေကို ဖမ်းဆီးပြီးနောက် SAC ရဲလက်ထဲအပ်ခဲ့ပါသည်။ စောစေးအယ်ဂေမှ ဘဲဝယ်ရန်သွားသည့်အချိန်သည် ပေါက်ကွဲမှုဖြစ်ပွားပြီးသည်နှင့်တိုးသဖြင့် ၎င်းအားမသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအားဖမ်းဆီးခဲ့ပြီးနောက် မိသားစုများအား ဆက်သွယ်အကြောင်းကြားခဲ့ခြင်းလည်းမရှိပါ။ စောစေးအယ်ဂေ ဖမ်းဆီးခံရသည့်အကြောင်းအရင်းကို သဒေါ်ကလိုးကျေးရွာရှိ ရွာသားများမှ အကြောင်းကြားသဖြင့် မိသားစုများသိရှိခဲ့ရခြင်းဖြစ်ပါသည်။ ၎င်းအားဖမ်း ဆီးစစ်ဆေးမေးမြန်းမှုပြုလုပ်သည့်အချိန်တွင် ရိုက်နက်မှုများလည်းပြုလုပ်ခဲ့ကြကြောင်း တွေ့ရှိသူများမှ ပြန်လည်ပြောပြကြပါသည်။ မိဘများအနေဖြင့် ဖမ်းဆီးထားခံရသည့် ၎င်းတို့၏သားအား ဖုန်းဖြင့်တစ်ခါစကားပြောနိုင်ရန်အတွက် စခန်းတွင် ငွေ (၂၀၀၀) ကျပ်နှင့် လက်ဖက်ရည်တို့အား ဝယ်တိုက်ရပါသည်။ စခန်းမှ ၎င်းတို့သားအား ကောင်းမွန်စွာအစားအစာပေးကာထားကြောင်း မိသားစုကို ပြောခဲ့ပြီး စောစေးအယ်ဂေမှ အပြစ်မရှိပါကနှစ်ပတ်အတွင်း ကောင်းမွန်စွာ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ ရဲစခန်းမှငွေဖြင့် ပြန်လည်ရွေးယူရန်အတွက်(၂)ပတ်အတွင်း အချိန်ဆွဲထားခြင်းဖြစ်နိုင်ကြောင်း မိသားစုဝင်များမှ ပြောပြခဲ့ပါသည်။ သို့သော် စောစေးအယ်ဂေမှ ပြန်လည်လွတ်မြောက်လာခြင်းရှိမရှိကို အတိကျမသိရှိရသေးပါ။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် စစ်ကောင်စီ တပ်မအမှတ်(၇၇) နှင့် (၂၈၈) ပူးပေါင်းတပ်ဖွဲ့များမှ စစ်သား(၅၀) မှ (၇၀) ကျော်သည် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ နံ့သာကွင်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာမှ ရွာသား ၂၂ ဦးအားဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးထားသည့် ရွာသားများထဲမှ အသက်ကြီးသူနှင့် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ (၂) ဦးကို ၂၀၂၃ မတ်လ ၂၀ ရက်အတွင်းတွင် ပြန်လွှတ်ပေးခဲ့ပါသည်။ ဖမ်းထားသည့် ကျန်ရှိနေသေးသည့် ရွာသား (၂၀)ဦးကိုဆက်လက်ဖမ်းဆီးကာ စစ်ဆေးမေးမြန်းမှုပြုလုပ်ခဲ့ပြီး ထိုသို့ပြုလုပ်ချိန်တွင် ရွာသားများ၏ လက်ဝတ်ရတနာများကိုလည်း သိမ်းယူခဲ့ပါသည်။ ထိုအချိန်တွင်တိုက်ပွဲဖြစ်ပွားသဖြင့် ရွာသားနှစ်ဦးဖြစ်သည့် နော်တ−−နှင့် သမီးဖြစ်သူ နော်ထ−−− တို့ တိတ်တဆိတ် ထွက်ပြေးသွားခဲ့ကြပါသည်။ နောက်ပိုင်း ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် နောက်ထပ်ရွာသားနှစ်ဦးကို ထပ်မံလွှတ်ပေးခဲ့ပါသည်။ ထို့နောက် အခြားကျန်ရှိနေသေး

သော ရွာသားများကို ကြိုးဖြင့် ၇ ဦးတစ်စု ၈ ဦးတစ်စုစီ ချုပ်နှောင်ကာ ကျောင်းခန်းထဲထည့်၍(၅) ရက်တိတိ ထိုနေရာတွင် အချုပ်ခံခဲ့ကြရပါသည်။ ထိုသို့ဖမ်းဆီးခံရသည့် ရွာသားများထဲတွင် အသက် ၁၄, ၁၅ နှင့် ၁၇ အရွယ် ယောကျ်ားလေးသုံးဦး ပါဝင်ပါသည်။

မော်လမြိုင်မြို့ရှိ စကစ စစ်ဌာနချုပ်မှ ဒူးပလာခရိုင်၊ နီ့တကောမြို့နယ်၊ ဆိပ်ကြီးမြို့အတွင်း မာရှယ်လောအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးသည့်နောက်ပိုင်း သတ်မှတ်ချိန်ဖြစ်သည့် ညနေ ၆ နာရီနောက်ပိုင်း အပြင်ထွက်ခဲ့ကြသော အသက် ၁၃ နှစ်အရွယ်ရှိကျောင်းသားတစ်ဦးအပါအဝင်လူငယ် ၁၈ ဦးအား စစ်ကောင်စီ စစ်သားများမှ ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့အား စစ်ကောင်စီမှ ရဟတ်ယာဉ်ဖြင့် မော်လမြိုင်မြို့သို့ဖမ်းဆီးသွားခဲ့ပြီး မိဘများနှင့်လည်း တွေ့ဆုံရန် ခွင့်ပြုချက်မပေးကြပါ။ ဖမ်းဆီးခံရသည့် လူငယ်များထဲမှ တစ်ဦး၏အလောင်းအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ သို့မဟုတ် ၁၈ ရက်နေ့တွင် ရွာသားများမှ တွေ့ရှိခဲ့ပါသည်။ ကျေးရွာသူကြီးဖြစ်သူမှ ၂၀၂၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ဆိပ်ကြီးအခြေစိုက် စစ်ကောင်စီ ခလရ အမှတ် (၂၈၄) တွင်သွားရောက်မေးမြန်းခဲ့သော်လည်း ကလေးလူငယ်များအား ဖမ်းဆီးထားခြင်းမရှိကြောင်း အကြောင်းပြန်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဗျူဟာကုန်းအခြေစိုက် စစ်ကောင်စီစစ်သားများမှ ကာလီဒီး(ခုတ်ခွား)ရှိရွာသားများအား ၎င်းတို့ စစ်ကြောင်းထိုးလာစဥ်တွင် ဖမ်းဆီးခဲ့ပါသည်။ ထိုအထဲတွင် အမျိုးသား ၁၀ ဦး အမျိုးသမီး ၂ ဦး စုစုပေါင်း ၁၂ ဖြစ်ပြီး အသက် ၈ နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်။ ရွာသားများအား လူသားဒိုင်းအဖြစ်ခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဖမ်းဆီးခေါ်ဆောင်စဥ်အတွင်း ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် အသက် ၁၇ အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ပြီး ကျိုက်ဒုံမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ နောက်ပိုင်း ထိုင်းနိုင်ငံရှိ အုန်းဖန်ဆေးရုံသို့ ပြန်လည်ပို့ဆောင်ခဲ့ပါသည်။ နောက်ပိုင်း ဖမ်းဆီးထားသူများကို ၎င်းတို့သွားလိုရာနေရာရောက်သည့်အခါ ပြန်လည်လွှတ်ပေးခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ စောခေးကျေးနယ်၊ ပ---ကျေးရွာနေ အသက် ၁၉ နှစ်အရွယ် စောန---သည် SAC စစ်သားများ၏ဖမ်းဆီးနှိပ်စက်ခြင်းကို သုံးကြိမ်တိုင်အောင်ခံခဲ့ရပါသည်။ ပထမအကြိမ်သည် ၎င်း၏အကိုဖြစ်သူအတွက် တာလပတ်အား မြို့ထဲ၌သွားဝယ်သည့်အချိန်တွင်ဖြစ်ပြီး ဒုတိယအကြိမ်သည် ၎င်း၏ဝမ်းကွဲညီအကိုဖြစ်သူဆီသို့သွားလည်သည့်အချိန်နှင့် ၎င်း၏သူငယ်ချင်းနှင့် ဈေးသွားဝယ်သည့်အချိန်များတွင်ဖြစ်ပါသည်။ SAC စစ်သားများမှ ၎င်းအား PDF ဟုစွပ်စွဲကာညှဥ်းပမ်းနှိပ်စက်ခြင်းဖြစ်ပါသည်။ သို့သော် ၎င်းအနေဖြင့် ဘာမျှအပြစ်ထင်ရှားခြင်းမရှိသဖြင့် ပြန်လွှတ်ပေးခြင်းခံခဲ့ရသော်လည်း နောက်ထပ်ခရီးသွားလာခြင်းပြုရန် စိုးရိမ်ကြောက်ရွံ့ကြနေရပါသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ညနေ ၃း၃၀ ခန့်တွင် ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလေးကေ (ခမောင်းသွယ်) ကျေးရွာအုပ်စု၊ ထီးလေးကေ (ဒါးသွေးကျောက်) ကျေးရွာနေ အသက် ၂၅ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအား SAC တပ်ရင်းအမှတ် (၄၀၈) မှ တပ်ခွဲမှူးဗိုလ်သန်းနိုင်စိုးဦးဆောင်သည့် စစ်သားများမှ ဖမ်းဆီးရိုက်နှက်ခဲ့ကြပါသည်။ မှားသောအားဖြင့် SAC စစ်သားများသည် ဖမ်းဆီးထားသည့်ရွာသားများ ကိုပြန်လည် လွှတ်ပေးခြင်းမရှိဘဲ သတ်ဖြတ်မှုများကို ပိုမိုကျူးလွန်ခဲ့ကြပါသည်။




၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ညနေ ၃း၃၀ ခန့်တွင် ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ခမောင်းသွယ်ကျေးရွာအုပ်စု၊ထီးလယ်ကလေး (ဒါးသွေးကျောက်) ကျေးရွာနေ အသက် ၂၅ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအား SAC တပ်ရင်းအမှတ် (၄၀၈) မှ တပ်ခွဲမှူးဗိုလ်သန်းနိုင်စိုးဦးဆောင်သည့် စစ်သားများမှ ဖမ်းဆီးရိုက်နှက်ခဲ့ကြသည့်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် စစ်ကောင်စီ အမှတ် (၆) လက်အောက်ခံ ခမရ(၆၀၄)မှ ဗိုလ်မှူးဟိန်းစံထွန်းဦးဆောင်သည့် စစ် သား(၃၀)ဦးခန့်သည် သံတောင်မြို့ကိုလှည့်ပတ်စဥ်တွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားလူငယ်နှစ်ဦးကို ၎င်းတို့၏ရှေ့တန်းစခန်းရှိရာသို့ ခေါ်ဆောင်သွားခဲ့ပြီး စစ်ဆေးမေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ အဆိုပါလူငယ်နှစ်ဦးသည် ဗိုလ်မှူးဟိန်းစံထွန်းမှမေးလာသည့် မေးခွန်းများကို ဖြေပေးနိုင်ခဲ့ခြင်းမရှိသဖြင့် ၎င်းတို့၏ပါးကို ရိုက်ခဲ့ပါသည်။ အဆိုပါလူငယ်နှစ်ဦးသည် မည်သူဖြစ်သည်နှင့် မည်သည့်နေရာမှဖြစ်သည်ကို မသိကြပါ။ ထိုနေ့ နေ့လယ်ပိုင်းတွင် ခရစ်ယာန်ဆရာတော်များ၏ အာမခံချက်ဖြင့် အဆိုပါလူငယ်နှစ်ဦး ပြန်လည်လွှတ်မြောက်လာခဲ့ပါသည်။

SAC စစ်သားများအနေဖြင့် ၎င်းတို့စစ်ကြောင်းထိုးစဥ်၊ တိုက်ပွဲဖြစ်ပွားစဥ်နှင့် တိုက်ပွဲများဖြစ်ပွားပြီးသည့်နောက်ပိုင်း လမ်းပေါ်၌တွေ့သောရွာသားများအပြင် ကျေးရွာတွင်းသို့ဝင်ရောက်ချိန်တွင် ရွာသားများအား တမင်ရည်ရွယ်၍ ပစ်ခတ်သတ်ဖြတ်ခြင်းများကို ပိုမိုပြုလုပ်လာခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အမည်မသိရသည့် SAC စစ်သားနှင့် ခြေမြန်တပ်ရင်းအမှတ်(၅၉၉) အခြေစိုက်သည့် တုန်းတောကျေးရွာ၊ မူးအထူးဒေသ၊ မူးမြို့နယ်တို့မှ ခလယ်လို့ထူခရိုင်

၊ မူးမြို့နယ်၊ တခေါ်ပွါကျေးရွာအုပ်စု၊ တခေါ်ပွါကျေးရွာ၊ ပနာကူးကလဲ နေရာသို့ဝင်ရောက်လာသည့်အချိန်တွင် နေမကောင်းဖြစ်ပြီး ထွက်မပြေးနိုင်သည့် နော်ဒေးညားအား ၎င်း၏လယ်တဲတွင်ပစ်သတ်ခဲ့ပါသည်။ SAC မှပစ်လိုက်သည့်ကျည်ဆံသည် ၎င်း၏ဘယ်ဖက်နားရွက်အနောက်ဖက်တွင်ထိမှန်ပြီး ဦးခေါင်းကိုထိုးဖောက်ကာ ညာဖက်နားရွက်သို့ပေါက်ထွက်သွားခဲ့ပါသည်။ နော်ဒေညားမှ SAC စစ်သားများ၏ ပစ်သတ်ခြင်းကို ခံရပြီးသည့်နောက်ပိုင်း တခေါ်ပွာကျေးရွာရှိ ဒေသခံရွာသားများသည် ၎င်းတို့၏လုံခြုံရေးအတွက်စိုးရိမ်ကြောက်ကြမှုဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏ကျေးရွာမှ ထွက်ပြေးခဲ့ကြပြီး အိမ်မွေးတိရိစ္ဆာန်နှင့်အိုးအိမ်တို့အား ချန်ထားခဲ့ရသဖြင့် အသက်မွေးဝမ်းကျောင်းစိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေကြရပါသည်။







ဤပုံတို့ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ တခေါ်ပွါကျေးရွာအုပ်စု၊ တခေါ်ပွါကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ ညာဖက်တွင်ရှိသောပုံသည် SAC စစ်သားတို့၏ ပစ်သတ်ခြင်းကိုခံရသော နော်ဒေးညား၏အလောင်းပုံဖြစ်ပါသည်။ ဘယ်ဖက်တွင်ရှိသောပုံသည် နော်ဒေးညားအား တခေါ်ပွါကျေးရွာအနီး၌ရှိသော ကောဒေးနေရာတွင် မြှုပ်ထားသည့်ဂူဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ မနက် (၇) နာရီခန့်တွင် ထုံးဘိုကြီးစခန်းတွင်အခြေစိုက်သည့် ခြေမြန်တပ်ရင်းအမှတ် (၄၁၃) သည် တောအူးခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး)မြို့နယ်၊ တာဘူဒေသ၊ တာဘူကျေးရွာရပ်ကွက်(၅) အုတ်ဖိုတွင်နေထိုင်သည့် အသက် ၃၄ နှစ်အရွယ်ရှိ စောအောင်သူရသန်း မိသားစုစားဝတ်နေရေးအတွက် စားသောက်ကုန်သွားဝယ်ရန် တောင်ငူမြို့သို့သွားခဲ့ပါသည်။ ၎င်းအနေဖြင့် SAC စစ်သားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားသည်ကို မသိသဖြင့် ဆိုက်ကယ်နှင့် SAC ထုံးဘိုကြီးစခန်းရှိဂိတ်သို့ရောက်ရှိလာသည့်အချိန်တွင် SAC စစ်သားများ၏ ပစ်သတ်ခြင်းကို ခံခဲ့ရပါသည်။ စောအောင်သူရသန်း ပစ်ခတ်ခံရသည့်အချိန်တွင် လမ်းဘေးရှိအိမ်တစ်အိမ်မှ အိမ်ရှင်သည် လာရောက်ကူညီပေးခဲ့ပြီး နာရေးကူညီရေးကားကို ဖုန်းဆက်အကူအညီတောင်းခဲ့သော်လည်း ၎င်း၏သေနတ်ဒဏ်ရာသည် ပြင်းထန်လွန်းသဖြင့် သေဆုံးသွားပါသည်။ သေဆုံးသွားသူ၏အလောင်းအား မိသားစုဝင်များမှ ပြန်လည်ရယူနိုင်ရန် (၃) သိန်းကျပ်ကို တောင်ငူမြို့အမှတ် (၃) ရဲစခန်းအားပေးခဲ့ရပါသည်။ ထို့အပြင် သေဆုံးသွားသူ၏ ဆိုက်ကယ်လိုင်စင်နှင့်ယာဥ်မောင်းလိုင်စင်မရှိသဖြင့် ဒဏ်ငွေ (၄) သိန်းကျပ်ပေးရန် တောင်ငူမြို့အမှတ်(၃) ရဲစခန်းရှိနယ်ထိန်းမှ မိသားစုဝင်များအား ဖုန်းဆက်အကြောင်းကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ညနေ (၄း၃၀) အချိန်တွင် စစ်ကောင်စီ (SAC) ခြေလျင်တပ်ရင်းအမှတ် (၃၄၉)မှ စစ်သားများသည် မူတြော်(ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ လိုပွေခီးကျေးရွာတွင်နေထိုင်သည့် အသက် ၂၈ နှစ်အရွယ် စောမောနူးအား ပစ်သတ်ခဲ့ပါသည်။ ၎င်းအား လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ထီးခေါ်ထနေရာတွင် သူငယ်ချင်းတစ်ဦးနှင့်




ဤပုံကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ လိုပွေခီးကျေးရွာ မှရွာ သားများ ထွက်ပြေးတိမ်းရှောင်သည့် နေရာတစ်နေရာတွင် ရိုက်ယူ ခဲ့ပါသည်။ ဤပုံသည် စောမောနူး ၏အလောင်းပုံဖြစ်ပြီး ၎င်းမှတော ထဲသို့အမဲလိုက်နေစဥ် SAC စစ်သားများ၏ ပစ်သတ် ခြင်းကို ခံခဲ့ရပါသည်။ *(ဓာတ်ပုံ – KHRG)*

အတူအမဲလိုက်ရန်သွားစဥ်တွင် SAC စစ်သားများနှင့် ထိပ်တိုက်တိုးကာ SAC စစ်သားများမှ စောမောနူးအား ပစ်သတ်ခဲ့ခြင်းဖြစ်ပါသည်။ စောမောနူး သေဆုံးပြီးသည့်နောက် မိခင်ဖြစ်သူတစ်ဦးတည်း ကျန်ရစ်ခဲ့ရပါသည်။ SAC စစ်သားများအနေဖြင့် ကျန် ရစ်သူမိသားစုဝင်များအား မည်သည့်လျော်ကြေးမှ ပေးဆောင်ခြင်းလည်းမရှိပါ။ လိုပွေခီးကျေးရွာတွင်နေထိုင်သည့် ရွာသားများအနေဖြင့် စောမောနူး ပစ်သတ်

စာမျက်နှာ ၁၉ သို့ ▶▶ ▶▶



# စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိတွင် SAC တပ်ဖွဲ့များမှ အရပ်သားနယ်မြေများတွင် လေကြောင်းသုံးတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များစွာရှိခဲ့သည်။ ဤလေကြောင်းသုံးတိုက်ခိုက်မှုများကြောင့် ရွာသားများထိခိုက်သေဆုံးခြင်း၊ နေရပ်ရွှေ့ပြောင်းနေရခြင်းများအပြင် ၎င်းတို့၏နေအိမ်များ၊ ပိုင်ဆိုင်မှုများနှင့် စိုက်ပျိုးခြံများ ပျက်စီးခဲ့မှုများလည်းရှိသည်။

ဤခြောက်လတာကာလအတွင်း SAC စစ်လေယာဉ်များမှ ကရင်ပြည်နယ်ရှိ ဒူးပလာယာခရိုင်၊ မူတြော်ခရိုင်၊ ခလယ်လွီထူခရိုင်၊ ဒူးသထူခရိုင်နှင့် တောအူးခရိုင်များတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)မှ လက်ခံရရှိသည့် သတင်းမှတ်တမ်းများအရ SAC မှ ထိုခရိုင်များတွင် လေကြောင်းတိုက်ခိုက်မှု(၂၆)ကြိမ်ခန့် ပြုလုပ်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများ (၇)ဦး သေဆုံးခဲ့ပြီး (၁၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရွာသားများ၏ ကျွဲ၊ ဝက်နှင့်မြင်းများလည်း ထိခိုက်သေဆုံးခဲ့သည်။ ထို့အပြင် ရွာသားများ၏နေအိမ် (၇၇)လုံး၊ ကျောင်း (၃)ကျောင်း၊ ဘုရားကျောင်း (၅)လုံးနှင့် ဘုန်းကြီးကျောင်း (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။ သို့သော်လည်း မြေပြင်အခြေအနေတွင် လေကြောင်းတိုက်ခိုက်မှုနှင့် ထိခိုက်သေဆုံးပျက်စီးမှုများ၏ အရေအတွက်ပမာဏသည် KHRG လက်ခံရရှိသည့်မှတ်တမ်းများ၏အရေအတွက်များထက် ပို၍များနိုင်ချေရှိသည်။

ဒူးသထူခရိုင်တွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ လေကြောင်းတိုက်ခိုက်မှုတစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် SAC စစ်လေယာဉ်မှ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ နို့ဘယ်ဘောကျေးရွာအုပ်စု၊ ဘောနော်ဝါးကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် (၂) လုံး မီးလောင်ပျက်စီးခဲ့သည်။

ဤခြောက်လအတွင်း SAC မှ တောအူးခရိုင်တွင် လေကြောင်းသုံးတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ မနက် (၆:၃၀)နာရီတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်များသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ သံမိုးတောင်ကျေးရွာအုပ်စု၊ သံမိုးတောင်ကျေးရွာတွင်ရှိသည့် SAC တပ်စခန်းတစ်လုံးကို ပစ် ခတ်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတပ်စခန်းကို သံမိုးတောင်တပ်စခန်းဟုလည်း ခေါ်ဝေါ်သည်။ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၆၀၅)သည် ထိုတပ်စခန်းတွင် အခြေစိုက်သည်။ တိုက်ပွဲဖြစ်ပွားပြီး (၂)နာရီခန့်အကြာ မနက်(၉)နာရီဝန်းကျင်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ SAC ဂျက်လေယာဉ်နှစ်စင်းသည် စစ်ကူအနေဖြင့် ခမရ (၆၀၅)တပ်ဖွဲ့ကို ကူညီပေးရန်အတွက် သံမိုးတောင်ကျေးရွာသို့ ပျံဝဲလာခဲ့သည်။ ထို SAC ဂျက်လေယာဉ်နှစ်စင်းသည် တိုက်ပွဲဖြစ်ပွားသည့်နေရာတွင် ဗုံးများပစ်ချ၍ စက်သေနတ်ဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဂျက်လေယာဉ်မှ ပစ်ချလိုက်သည့် အချို့သောဗုံးများသည် ရွာသားများ၏နေအိမ်များနှင့် စိုက်ပျိုးခြံများတွင် ကျရောက်ခဲ့သည်။ ကျေးရွာအတွင်းတွင်ကျခဲ့သည့် အချို့သောဗုံးများသည် မပေါက်ကွဲဘဲရှိနေသည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် သံမိုးတောင်ကျေးရွာရှိ နေအိမ်အလုံး(၃၀)ကျော် ထိခိုက်ပျက်စီးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဤလေကြောင်းတိုက်ခိုက်မှုအတွင်း ဂျက်လေယာဉ်ပေါ်မှ စက်သေနတ်ဖြင့်ပစ်ခတ်လိုက်သည့် ကျည်ဆံတစ်တောင့်သည် သံမိုးတောင်ကျေးရွာတွင်နေထိုင်သည့် အသက် (၅၀)ခန့်အရွယ် အမျိုးသမီးတစ်ဦးကိုထိမှန်ပြီး သေဆုံးခဲ့သည်။ သူမ၏နာမည်သည် နော်မေရီမြဟုခေါ်သည်။ စက်သေနတ်ကျည်ဆံသည် နော်မေရီမြ၏ ဘယ်ဖက်ရင်အုံအောက်ကို ထိမှန်ပြီး သူမ၏ကျောကုန်းသို့ ထိုးဖောက်၍ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ သူမတွင် သားသမီးသုံးဦးရှိသည်။ နော်မေရီမြ၏အမဖြစ်သူ နော်က---သည်လည်း သူမ၏ဦးခေါင်းကို ကျည်ဆံရှပ်ထိ၍ ဒဏ်ရာရရှိခဲ့သော်လည်း အသက်မသေခဲ့ပေ။ သူမကို ဆေးကုသမှုရရှိရန်အတွက် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ တောင်ငူမြို့ရှိ တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ SAC ဂျက်လေယာဉ်တစ်စင်းမှ ပစ်ချလိုက်သည့်ဗုံးတစ်လုံးသည် သံမိုးတောင်ရွာသား စောခ---၏ နေအိမ်ရှိ မီးဖိုးချောင်တွင်ကျပြီး ပေါက်ကွဲသွား၍ အိမ်ပျက်စီးခဲ့သည်။ စောခ---သည် အသက် ၆၀ ရှိပြီးဖြစ်သည်။ ဗုံး၏အစအနသည် စောခ---၏ရင်အုံနှင့် ဘယ်ဖက်ခြေထောက်ကိုထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ စောခ---ကို ဆေးကုသမှုပေးရန်အတွက် ၎င်းအား တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သူ၏ဘယ်ခြေထောက်တွင် ဒဏ်ရာအလွန်ပြင်းထန်

သဖြင့် ၎င်း၏ခြေထောက်တစ်ဖက်ကို ဖြတ်ခဲ့လိုက်ရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် SAC ဂျက်လေယာဉ်များသည် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ မော်နေးပွာကျေးရွာအုပ်စု၊ စင်ဒေါခိုကျေးရွာတွင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများ နေရပ်စွန့်ခွာထွက်ပြေးကြရပြီး စားဝတ်နေရေးနှင့်သွားလာလှုပ်ရှားမှုများတွင် အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ခလယ်လွီထူခရိုင်တွင်လည်း ဤခြောက်လအတွင်း SAC မှ လေကြောင်းသုံးတိုက်ခိုက်မှုသုံးကြိမ် စစ်ဆင်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ညနေ (၅း၂၀)မိနစ်တွင် SAC စစ်လေယာဉ်များသည် ခလယ်လွီထူခရိုင်၊ ဆောထီးမြို့နယ်၊ စောသယ်ခီးကျေးရွာအုပ်စု၊ ဘောလော်တဲထကျေးရွာတွင် ဗုံး (၄)လုံးကြဲ၍တိုက်ခိုက်ခဲ့သည်။ ဘောလော်တဲထကျေးရွာသည် KNLA တပ်ရင်းအမှတ် (၇)၏နယ်မြေအောက်တွင် တည်ရှိသည်။ ထိုဗုံးများသည် ဘောလော်တဲထကျေးရွာအလယ်တန်းကျောင်းအနီးနားတွင် ကျပြီးပေါက်ကွဲခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ညနေ (၅း၅၅)မိနစ်တွင် SAC စစ်လေယာဉ်သည် ဆောထီးမြို့နယ်၊ လယ်ဝါးကျေးရွာအုပ်စု၊ လယ်ဝါးကျေးရွာတွင်းသို့ ဗုံးနှစ်လုံးကြဲ၍ တိုက်ခိုက်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်သည် ဆောထီးမြို့နယ်အမှတ် (၁)အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုနေသည့်အချိန်ဖြစ်၍ ထိုသို့အခင်းဖြစ်ပွားသောကြောင့် ကျောင်းသားကျောင်းသူများသည် စာမေးပွဲဖြေဆိုခြင်းကို ရပ်တန့်ခဲ့ရသည်။ ဒေသခံရွာသားများလည်း ကြောက်ရွံ့နေသောကြောင့် တောထဲသို့ ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ ခလယ်လွီထူခရိုင်၊ လယ်ဒိုစိုးမြို့နယ်ရှိ ဃဲဒဲကျေးရွာအုပ်စုနှင့် လောမူ သောကျေးရွာအုပ်စုကြား CDM သမားများခိုလှုံသည့်နေရာတွင် SAC လေယာဉ်နှစ်စင်းမှ ဗုံးလေးလုံးကြဲ၍ တိုက်ခိုက်ခဲ့သည်။ ထိုဗုံးလေးလုံးတွင် သုံးလုံးပေါက်ကွဲခဲ့ပြီး တစ်လုံးမှာ မပေါက်ကွဲဘဲရှိနေသည်။ CDM ဆေးပေးခန်းတစ်လုံးပေါ်တွင် ဗုံးတစ်လုံးကျပြီး ပေါက်ကွဲသွား၍ ပျက်စီးသွားခဲ့သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် SAC စစ်လေယာဉ်များသည် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ဃဲဒဲကျေးရွာအုပ်စု၊ တကောဒဲကျေးရွာတွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုကျေးရွာတွင် စုစုပေါင်းလေးကြိမ် ဗုံးကြဲခဲ့ပြီး အသက် (၇၀)နှစ်အရွယ် ဒေသခံရွာသားတစ်ဦးအားထိမှန်ခဲ့၍ ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် တကောဒဲကျေးရွာ KECD မူလတန်းကျောင်းတစ်ကျောင်းပျက်စီးသွားပြီး တကောဒဲကျေးရွာ လူနေအိမ်လေးလုံး မီးလောင်ပျက်စီးခဲ့ပြီး ရွာသားများ၏ပိုင်ဆိုင်မှုများလည်း ပျက်စီးခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများသည် ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မူတြော်ခရိုင်အတွင်းတွင် ဤခြောက်လအတွင်း SAC မှ လေကြောင်းတိုက်ခိုက်မှု (၁၄)ကြိမ်မက ပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နေ့လယ် (၁း၁၅)မိနစ်တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဘူးသိုဒဲကျေးရွာအုပ်စု၊ မဲခေါင်ကလိုးကျေးရွာရှိ ဘုရားကျောင်းဝင်းထဲတွင် SAC လေယာဉ်တစ်စင်းမှ ဗုံးနှစ်လုံးကြဲချခဲ့သည်။ ၎င်းလေကြောင်းတိုက်ခိုက်မှုတွင် ထိခိုက်သေဆုံးမှုများမရှိခဲ့သော်လည်း ဒေသခံရွာသားများသည် SAC လေကြောင်းတိုက်ခိုက်မှုကို ကြောက်ရွံ့သဖြင့် ၎င်းတို့နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ မနက် (၁း၁၀)မိနစ်ဝန်းကျင်တွင် SAC လေယာဉ်များမှ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဖလာခို့ကျေးရွာအုပ်စု၊ တာဘောကိုးဒဲကျေးရွာတွင် ဗုံးနှစ်လုံးကြဲ၍တိုက်ခိုက်ခဲ့သည်။ ဤကဲ့သို့ လေကြောင်းသုံးဗုံးကြဲခဲ့ခြင်းကြောင့် ရွာသားပိုင်ဆိုင်သည့်မြင်းတစ်ကောင်ကို ထိမှန်ပြီး သေဆုံးသွားခဲ့သည်။ ထို့အပြင် ကျေးရွာဘုရားကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။ ဒေသခံရွာသားများ သည် ကြောက်ရွံ့ကြသဖြင့် တောထဲသို့ ထွက်ပြေးပုန်းရှောင်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နေ့လယ် (၁၂း၂၀) မိနစ်တွင် SAC လေယာဉ်လေးစင်းသည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စုအတွင်း လာရောက်ဗုံးကြဲခဲ့သည်။ ထိုဒေသအတွင်း စုစုပေါင်း ဗုံး (၈)လုံးကြဲခဲ့သည်။ တစ်ချို့ဗုံးများသည် မပေါက်ကွဲခဲ့ပေ။ ဤတစ်ကြိမ်လေကြောင်းတိုက်ခိုက်မှုတွင် KNU အဆောက်အဦး (၇) လုံးနှင့် လူနေအိမ်တစ်ချို့ ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် KNLA နှင့် KNDO တပ်ဖွဲ့များသည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စုရှိ SAC ခြေမြန်တပ်ရင်း (ခမရ)အမှတ် (၃၇) တပ်စခန်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၎င်းတပ်စခန်းသည် ထောမူပလဲမဲတပ်စခန်းဟု ခေါ်ဝေါ်ကြသည်။ ထိုအချိန်တွင် SAC လေယာဉ်သည် လူသောမြို့နယ်၊ လယ်မူပလောကျေးရွာများရှိကျေးရွာတစ်ရွာတွင် ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် ဒေသခံရွာသား တစ်ဦး၏အိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ မနက် (၄း၃၀)မိနစ်ဝန်းကျင်တွင် SAC လေယာဉ်သည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါဖိုးကျေးရွာအုပ်စု၊ ဖောထကျေးရွာတွင် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ SAC လေယာဉ်သည် ဒေသခံရွာသားများ၏ လယ်ယာစိုက်ပျိုးခြံထဲတွင် ဗုံး (၈)လုံးပစ်ချခဲ့ပြီး တောထဲတွင် ဗုံး(၄)လုံးပစ်ချခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် ရွာသားများ၏ကျွဲများလည်း ထိမှန်ပြီး သေကြေပျက်စီးခဲ့သည်။ ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုကို ကြောက်ရွံ့ကြသဖြင့် တောထဲသို့ ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ မနက် (၄း၄၅)မိနစ်တွင် SAC စစ်လေယာဉ်တစ်စင်းသည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးကျေးရွာအုပ်စု၊ ကလိုးဘောထကျေးရွာရှိ ရွာသားများ၏ ရော်ဘာခြံထဲတွင် ဗုံးနှစ်လုံး ပစ်ချခဲ့သည်။ တစ်ချိန်ထဲတွင် အခြား SAC စစ်လေယာဉ်တစ်စင်းသည် လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ ထွီမီခိုကျေးရွာကို ဝေဟင်မှ ပစ်ခတ်ခဲ့ပြီး ဗုံးနှစ်လုံးလည်း ပစ်ချခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏နေအိမ် (၄)လုံး ပျက်စီးခဲ့သည်။ ထို့အပြင် ရွာသားတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရွာ

သားများပိုင်ဆိုင်သည့် စပါးကျီများလည်း ပျက်စီးခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် SAC စစ်လေယာဉ်သည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေး ရွာအုပ်စု၊ လေးဝါးကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ SAC စစ်လေယာဉ်မှ ပစ်ချလိုက်သည့်ဗုံး (၈)လုံးမှာ ၆ လုံးသည် ကျေးရွာထဲတွင်ကျပြီး နှစ်လုံးမှာ ရွာအပြင်ဘက်တွင် ကျပြီးပေါက်ကွဲခဲ့သည်။ ဤလေကြောင်းတိုက် ခိုက်မှုတွင် ရွာသား (၅)ဦးသေဆုံးခဲ့ပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် လူနေအိမ်(၁၀)လုံး၊ ခရစ်ယာန်ဘုရားကျောင်းနှစ်ကျောင်း၊ ရိုမန်ကတ်သလစ်ဘုရားကျောင်းတစ်ကျောင်းနှင့် လေးဝါးကျေးရွာအလယ်တန်းကျောင်း ပျက်စီးသွားခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် SAC စစ်လေယာဉ်သည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေကျေးရွာအုပ်စု၊ ဆားလော်ပူကျေးရွာကို ဗုံးနှစ်လုံးကြဲ၍တိုက်ခိုက်ခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုတွင် လူနေအိမ်တစ်လုံး၊ စပါးကျီတစ်ခု၊ ဘုရားကျောင်းတစ်ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ မနက် (၁၀)နာရီဝန်းကျင်တွင် SAC စစ်လေယာဉ်သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မယ်သူ့ကျေးရွာအုပ်စု၊ လယ်ထူးဖိုးကျေးရွာကို ဝေဟင်မှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဤလေကြောင်းသုံးပစ်ခတ်တိုက်ခိုက်မှုတွင် ကျေးရွာဆေးပေးခန်းတစ်လုံးနှင့် ကျန်းမာရေးလုပ်သားများနေထိုင်သည့် အဆောက်အဦးလည်း ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ဒူးပလာယာခရိုင်တွင်လည်း SAC မှ လေကြောင်း တိုက်ခိုက်မှု (၆)ကြိမ်ပြုလုပ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ မနက် (၂)နာရီဝန်းကျင်တွင် SAC စစ်လေယာဉ်တစ်စင်းသည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မယ်ကသာကျေးရွာအုပ်စု၊ မယ်ကသာကျေးရွာကို ဝေဟင်မှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၎င်းလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများသည် နေရပ်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ရွာသားများထွက်ပြေးတိမ်းရှောင်ပြီးနောက် ခဏအကြာတွင် SAC စစ်လေယာဉ်သည် ထိုဒေသတွင် ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်သည်။ ထိုဗုံးကြဲတိုက်ခိုက်မှုတွင် ကျေးရွာဘုန်းကြီးကျောင်းတစ်လုံး မီးလောင်ပျက်စီးခဲ့သည်။ ထိုဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွာသားများသည် နေရပ်မှ တိမ်းရှောင်ခဲ့ရပြီး စားနပ်ရိက္ခာနှင့်ဆေးဝါးများ လိုအပ်နေပါသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ည(၁၁)နာရီဝန်းကျင်တွင် SAC စစ်လေယာဉ်သည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ ယောကဒေါကျေးရွာအုပ်စု၊ ယောကဒေါကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ SAC မှ ထိုကျေးရွာတွင် ၎င်း၏ရန်သူများရှိသည်ဟုထင်၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ SAC မှ ထိုကျေးရွာတွင် ဗုံး (၆)လုံးပစ်ချခဲ့ပြီး လူနေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်။ ၎င်းဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဒေသခံရွာသားများ ကြောက်ရွံ့ကြသဖြင့် တောတောင်ဂူထဲသို့ ထွက်ပြေးပုန်းရှောင်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ မနက် (၅)နာရီဝန်းကျင်တွင် KNDO တပ်ရင်း(၆)နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာတွင်ရှိသည့် မြန်မာအစိုးရရဲစခန်းကို ပစ်ခတ်တိုက်ခိုက်၍ သိမ်းပိုက်နိုင်ခဲ့သည်။ SAC ရဲစခန်းကိုတိုက်ခိုက်သိမ်းပိုက်ပြီး နှစ်နာရီခန့်အကြာတွင် SAC လေယာဉ်သည် ကရူတူးမြို့နယ်၊ ကျုံကွယ်ကျေးရွာအုပ်စု၊ ကျုံကွယ်ကျေးရွာအနီးတစ်ဝိုက်တွင် ဝေဟင်မှ ပစ်ခတ်တိုက်ခိုက်လာခဲ့သည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံရွာသားများသည် ၎င်းတို့လုံခြုံရေးအတွက် စိုးရိမ်ကြောက်ရွံ့ကြသဖြင့် ရွာသားအချို့သည် တောထဲသို့ထွက်ပြေးပုန်းရှောင်ခဲ့ပြီး ရွာသားအချို့မှာမူ ၎င်းတို့ဆွေမျိုးသားချင်းများ၏ နေအိမ်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ဘိတ်-ထားဝယ်နှင့် ဘားအံခရိုင်များတွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိခဲ့ပေ။




ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ ဆင်ပြေးကျေးရွာအုပ်စု၊ တောင်စွန်းရွာတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ၏နေအိမ် ထိခိုက်ပျက်စီးသွားသည့်ပုံဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

# စစ်ရေးလှုပ်ရှားမှု နှင့် တိုက်ပွဲဖြစ်ပွားမှုများ

၂၀၂၁ ခုနှစ် မြန်မာစစ်တပ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများတွင် နည်းလမ်းမျိုးစုံအသုံးပြုလာကာ ကရင်ပြည်နယ်ရှိကျေးလက်နေပြည်သူများအား စဥ်ဆက်မပျက်ပစ်မှတ်ထားအကြမ်းဖက်မှုများကို ကျူးလွန်ကြသဖြင့် အရပ်သားများ၏လုံခြုံမှု၊ အသက်မွေးဝမ်းကျောင်းပြုမှုနှင့် နေထိုင်မှုအခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်စေခဲ့ပါသည်။ ထိုကဲ့သို့သော ကျူးလွန်မှုများထဲတွင် အိမ်နှင့်ပိုင်ဆိုင်မှုများအား မီးရှို့ဖျက်ဆီးခြင်းသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေလျှက်ရှိသည်။

KHRG ၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၃ ခုနှစ် မတ်လအတွင်း လက်ခံရရှိသည့်သတင်းအချက်အလက်များအရ ကရင်ပြည်နယ်ရှိ ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ်သော ခရိုင်ခုနစ်ခုအတွင်း SAC စစ်သားများမှကျေးရွာများနှင့် ဈေးဆိုင်များကို မီးရှို့ခြင်း၊ အိမ်တွင်းရှိ ရွာသားများ၏ပိုင်ဆိုင်မှုများဖြစ်သောကား၊ ဆိုင်ကယ်နှင့် စားနပ်ရိက္ခာများအပါအဝင် အခြားသောပစ္စည်းများကို မီးရှို့ဖျက် ဆီးခြင်းများစသည်တို့ကို ကျူးလွန်ခဲ့ကြပါသည်။ SAC စစ်သားများ သည် ထိုကဲ့သို့သောကျူးလွန်မှုများကို တိုက်ပွဲအတွင်း သို့မဟုတ် တိုက် ပွဲဖြစ်ပြီးနောက် သို့မဟုတ် စစ်ရေးစစ်ဆင်ရေးကာလအတွင်း ကျူးလွန်ခဲ့ကြခြင်းဖြစ်ပါသည်။




ဤပုံကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ခုတ်ခွါးကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC ခြေမြန်တပ်ရင်း အမှတ် (၄၃၂) စစ်သားများသည် ခုတ်ခွါးကျေးရွာရှိရွာသားတစ်ဦး၏နေအိမ်သို့ထိုးဖောက်ဝင်ရောက်ကာ ပစ္စည်းဥစ္စာများကို မွှေနှောက်သိမ်းဆည်းသွားသည့်ပုံဖြစ်ပါသည်။
*(ဓာတ်ပုံ – KHRG)*

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း SAC ခြေမြန်တပ်ရင်းအမှတ်(၄၃၂)မှ ဒုတပ်ရင်းမှူးကျော်ကျော်ထက် ဦးဆောင်သည့် စစ်သားများသည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ခုတ်ခွါးကျေးရွာမှ တလေးကွီးကွာလောကျေးရွာသို့ စစ်ကြောင်းထိုးစဥ်တွင် ဒေသခံရွာသားတစ်ဦး၏အိမ်ထဲသို့ သေနတ်ဖြင့်ပစ်ခတ်ထိုးဖောက်ဝင်ရောက်ကာ အိမ်တွင်းရှိ ရွှေနှင့်ဖုန်းတို့ကို သိမ်းဆည်းသွားခဲ့ပါသည်။

အချို့သောအချိန်များ၌ ဒေသခံရွာသားများသည် ၎င်းတို့၏ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်နေရချိန်တွင် SAC စစ်သားများသည် ကျေးရွာထဲသို့ဝင်ရောက်ကာ ရွာသားများချန်ထားခဲ့ရသည့် အစားအစာနှင့်အခြားသောပိုင်ဆိုင်မှုများအား သိမ်းယူဖျက်ဆီးခဲ့ကြပါသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် SAC စစ်လေ့ကျင့်ရေးတပ်အမှတ်(၇)မှ စစ်သား ၁၀၀ ကျော်သည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဝေထူးဒေသ၊ ကျောက်တံခါးကျေးရွာအုပ်စု၊ ကွင်းချောင်းကျေးရွာသို့ဝင်ရောက်လာခဲ့ကြပါသည်။ SAC စစ်သားများကို ကြောက်ရွံ့သဖြင့် ရွာသားများသည် ၎င်းတို့၏ကျေးရွာမှ အစားအစာအပြည့်အဝသယ်ဆောင်နိုင်ခြင်းမရှိပဲ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ တောထဲသို့ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင်လည်း ၎င်းတို့အတွက်ထောက်ပံ့ပေးသည့်အစားအစာများ လုံလောက်မှုမရှိသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည့်ရွာသားအချို့သည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် အစားအစာယူရန်အတွက် ကွင်းချောင်းကျေးရွာသို့ပြန်သွားခဲ့ကြပါသည်။ ၎င်းတို့ကျေးရွာသို့ပြန်ရောက်သွားသည့်အချိန်တွင် အိမ်တံခါးများရိုက်ချိုးဝင်ရောက်ခြင်းနှင့်ပိုင်ဆိုင်မှုများအား SAC စစ်သားများမှ သိမ်းဆည်းခဲ့ပြီး အချို့တို့ကိုလည်းဖျက်ဆီးခဲ့ကြပါသည်။


၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် တပ်မ (၄၄)မှ SAC စစ်သားများသည် မူတြော်(ဖာပွန်)ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါဖိုးကျေးရွာအုပ်စု၊ လားဝေါဒဲကျေးရွာတွင်ရှိသော စပါးကျီသုံးခုကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဆန်အိတ် ၂၅၀ အိတ်နှင့် ညီမျှသည့်စပါးများ မီးလောင်ပျက်စီးခဲ့သည်။ ထိုလုပ်ရပ်သည် ဒေသခံရွာသားများ၏ စားဝတ်နေရေးအတွက် ဒုက္ခဖြစ်စေခဲ့သည်။ ထိုနေ့မတိုင်ခင် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ၎င်းကျေးရွာအရှေ့ဖက်ခြမ်းတွင် SAC တပ်မ (၄၄)နှင့် KNLA ၊ KNDO တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားပြီးမှသာလျှင် SAC စစ်သားများသည် ရွာသားများ၏ စပါးကျီများကို မီးရှို့ခဲ့ခြင်းဖြစ်သည်။





ဤပုံများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိုက်ယူခဲ့သည်။ ပုံတွင် SAC တပ်မ (၄၄)မှ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါဖိုးကျေးရွာအုပ်စု၊ လားဝေါ်ဒဲကျေးရွာတွင်ရှိသော စပါးကျီသုံးခုကို မီးရှို့ခဲ့ပြီးနောက် ပြာပုံသာကျန်ခဲ့သည့်အခြေအ နေကို ဖော်ပြထားသည်။ လက်ယာမှပုံတွင် စပါးများအားလုံး မီးမလောင်သေးသောအခြေအနေကို ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)*

SAC စစ်သားများ၏ခြိမ်းခြောက်မှုများနှင့် ကျေးရွာထဲသို့ စစ်သားအလုံးအရင်းလိုက်ဝင်ရောက်လာချိန်တွင် ရွာသားများအလွန်ကြောက်ရွံ့ကြသဖြင့် ထွက်ပြေးတိမ်းရှောင်ရာတွင် ၎င်းတို့၏ပစ္စည်းဥစ္စာများစွာ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ထားဝယ်မြို့သို့ရောက်ရှိလာသည့် ခမရ အမှတ် (၂၅) မှ စစ်သားဦးရေ ၁၀၀ ကျော်သည် ဝါကူ့ကျေးရွာရှိ ရွာသားများ၏နေအိမ်တွင်အိပ်ကြသောကြောင့် ရွာသားများသည် တောထဲတွင်ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ရွာသားများထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင် SAC စစ်သားများမှ ၎င်းတို့ကျန်ရှိသော အစားအစာနှင့် အသုံးပြု၍ရသောအခြားသောပိုင်ဆိုင်မှုများဖြစ်သည့် အဝတ်အစားနှင့် အိုးခွက်ပန်းကန်များကိုပါ ယူဆောင်သွားခဲ့ကြပါသည်။ နောက်နေ့မနက်ပိုင်းမှသာ SAC စစ်သားများသည် ကျေးရွာမှထွက်ခွာခဲ့ကြပါသည်။ သို့သော် ကျေးရွာထဲသို့ပြန်လာနေထိုင်ကြသော ရွာသားများအဖို့မှု ထမင်းဟင်းချက်ရန်အတွက် အစားအစာနှင့် အိုးခွက်ပန်ကန်များမရှိတော့သဖြင့် အခက်အခဲများဖြင့်ကြုံတွေ့နေကြရပါသည်။



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်း အမှတ် (၂၀၇) မှ စစ်သား (၅၀) ဝန်းကျင်ခန့်သည် ဝါးဒတ်ကွင်းတွင် စစ်ရေးလှုပ်ရှားမှုကိုလုပ်ဆောင်နေစဥ် ကားလမ်းပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ဒေသခံရွာသားများ၏ ကား၊ ဆိုင်ကယ်များကိုတားကာ ၎င်းထံမှ ဖုန်းများကိုခေတ္တသိမ်းယူထားသဖြင့် ခရီးသွားလာရာတွင် နှောင့်နှေးမှုကိုဖြစ်စေကြောင်း ရွာသားမျာမှ ပြောပြခဲ့ကြပါသည်။ ထို့နေ့ညနေ (၄)နာရီခွဲအချိန်တွင် SAC စစ်သားများသည် ဇီးပြောင်းကျေးနယ်ဖက်သို့ထိုးစစ်ဆင်ကာ ဇီးပြောင်းရှိဦးန--- နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ထိုကဲ့သို့ မီးရှို့ဖျက်ဆီးရာတွင် ၎င်းမှသိုလှောင်ထားသည့်ထင်းရုံနှင့်ဆိတ်မွေးမြူရေးအဆောက်အအုံကိုပါ မီးလောင်သွားခဲ့ပါသည်။ SAC စစ်သားများသည် ဦးန--- နေအိမ်ကို မီးရှို့ဖျက်ဆီးပြီးနောက် ကျေးရွာမှ စွန့်ခွါသွားခဲ့ပါသည်။ ပြီးခဲ့သည် ၂၀၂၂ ခုနှစ် အောက် တိုဘာလတွင် ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးနယ်၊ ရွှေခဲရိုးကျေးရွာနှင့် ပိန္နဲကုန်းကျေးရွာ (၂) ရွာအားမီးရှို့ဖျက်စီးခဲ့ရာတွင် နေအိမ် ၁၇ လုံး မီးလောင်ပြာကျသွားခဲ့ပါသည်။ SAC စစ်သားများသည် ၎င်းတို့တိုက်ခိုက်ခံရသည့်အချိန်တိုင်း ရွာသားများကို ပစ်မှတ်ထားကာ ရွာ သားများ၏ခရီးသွားလာရေးအားပိတ်ပင်သည်သာမက ရွာသားများအား ခရီးသွားလာခြင်းပြုလုပ်မည်ဆိုပါက ပစ်သတ်မည်ဟူသည့်ခြိမ်း ခြောက်မှုများကိုပါ ပြုလုပ်ခဲ့ကြပါသည်။

ဤပုံကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ကမိုသွေးဒေသ၊ ဝါကူ့ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် လယ်ဒိုစိုးမြို့နယ်အခြေစိုက်သည့် SAC စစ်သားများမှ ဝါကူ့ကျေးရွာအတွင်းရှိ ရွာသားများ၏နေအိမ်များ၌ တစ်ညအိပ်ပြီး ပစ္စည်းဥစ္စာများကို မွှေနှောက်သိမ်းယူသွားသောပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ ပရှောလော်ဒေသ၊ သံမိုးတောင်ကျေးရွာတွင် ခမရ အမှတ်(၆၀၃)မှ စစ်သား (၂) ဦးပစ်သတ်ခံရပြီးသည့်နောက်ပိုင်း ရွာသားများ ဈေးအရောင်းအဝယ်မပြုရန်နှင့် တွေ့ရှိမည်ဆိုပါကပစ်သတ်မည် ဖြစ်ကြောင်း SAC စစ်သားများမှ ခြိမ်းခြောက်ခဲ့ကြပါသည်။ ထို့ကြောင့် ရွာသားများသည် ဈေးဆိုင်များကို ၂၁ ရက်နေ့အထိ ပိတ်ထားခဲ့ကြပြီး အသက်မွေးဝမ်းကျောင်းအတွက် ခရီးသွားလာမှုပြုလုပ်ရန်ကြောက်ရွံ့နေကြရပါသည်။

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ အစောပိုင်းတွင်) ခမရ (၆၀၄)တပ်ဖွဲ့များသည် ညအချိန်တွင် (သံတောင်မြို့သစ်ပေါ်တွင်) သွားလာလှုပ်ရှားနေကြပြီး နေ့အချိန်တွင်လည်း ၎င်းတို့သည် ဒေသခံရွာသားများ၏ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်နေကြသည်။ (တိုက်ပွဲဖြစ်ပွားပြီးနောက်တွင်) SAC စစ်သားများသည် ဒေသတွင်း ခရီးသွားလာနေသည့် ရွာသားများအား (KNLA နှင့်အဆက်အသွယ်ရှိသည်ဟု) ၎င်းတို့သံသယရှိသည့်သူများကို ခေါ်ယူစစ်ဆေးမေးမြန်းမှုများ ပို၍လုပ်လာခဲ့သည်။ ထိုလုပ်ရပ်များကြောင့် ဒေသခံရွာသားများသည် ၎င်းတို့ဘဝတွင် လုံခြုံစိတ်ချမှုမရှိဟု ခံစားနေရသည်။

SAC မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ စတင်ကတည်း၌ တောအူးခရိုင်၊ ထောတထူမြို့နယ်အတွင်း စစ်အုပ်ချုပ် ရေးဥပဒေကို ပြဌာန်းခဲ့ပါသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ဒေသအတွင်း စစ်အုပ်ချုပ်ရေးဥပဒေဖြင့်အုပ်ချုပ်လျက်ရှိနေပါသည်။ SAC မှ ရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်အပေါ် တင်းကြပ်ပိတ်ပင်ခြင်းအား စတင်ပြဌာန်းခဲ့ပါသည်။ ၎င်းတို့မှ ရွာသားများအား တားဆီးရပ်တန့်စေပြီး ၎င်းတို့သိလိုသည့်မေးခွန်းများကို မေးမြန်းခြင်း စသည့်လုပ်ရပ်များကို တိုးမြှင့်လုပ်လာခဲ့ပါသည်။ SAC မှ မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်တစ်စီးလျှင် တစ်ဦးတည်းသာစီးရမည့် တင်းကြပ်မှုအသစ်ကိုပါ ပြဌာန်းခဲ့ပါသည်။ ထို့အပြင်၊ တောအူးမြို့နယ်အတွင်းသို့ ရွာသားများသည် အခြေခံအစားအစာများ အထူးသဖြင့်ဆန်များကို သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်မရကြပါ။ SAC အနေဖြင့် ရွာသားများအား ဆန်သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်မပေးသောကြောင့် ရွာသားများသည် အစားအစာပြတ်လပ်မှုကို ကြုံတွေ့နေကြရပါသည်။ ၎င်းသည် ဒေသခံရွာသားများမှ ကြုံတွေ့နေရသော ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ခလယ်လွိုထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ခဲကာခိုကျေးရွာအုပ်စု၊ မူသယ်ကျေးရွာအနီးခိုသေစိုးစခန်းတွင် အခြေစိုက်သည့် ခလရ အမှတ် (၃၉)နှင့် ခလရ အမှတ် (၃၀) တို့အား KNDO စစ်သားများတိုက်ခိုက်ပြီးသည့်နောက် ခဲကာခိုကျေးရွာရှိရွာသားများ၏နေအိမ်(၂)လုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ထို့နောက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်းအမှတ် (၃၀) နှင့် (၃၉) တို့သည် မူသယ်ကျေးရွာရှိရွာသားများနှင့်တွေ့ဆုံခဲ့ကြပြီး ရွာသားများကျေးရွာအတွင်းမှ ထွက်ပြေးတိမ်းရှောင်မည်ဆိုပါက ၎င်းတို့၏ကျေးရွာကို မီးရှို့ဖျက်ဆီးမည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ ထိုကဲ့သို့ ခြိမ်းခြောက်မှုကြောင့် ရွာသားများအနေဖြင့် မူသယ်ကျေးရွာမှ ထွက်ပြေးရန် ကြောက်ရွံ့နေကြရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၅:၀၀ နာရီခန့်တွင် KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့မှ ဒူးပလာခရိုင်၊ နို့တကောမြို့နယ်တွင် အခြေစိုက်သော SAC ခလရ အမှတ် (၂၈၄) တပ်စခန်းအား တိုက်ခိုက်ခဲ့ပြီးသည်နောက် SAC စစ်သားများသည့် နို့တကောမြို့နယ်အတွင်း ခရီးသွားလာသောအရပ်သားများကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် နို့တကောရွာသားတစ်ဦးမှ ထီးဟူးသံသို့ပြန်သွားစဥ် သုံးတိုင်ကျေးရွာရှိ SAC စစ်သားများမှ ၎င်းအား စစ်ဆေးမှုများပြုလုပ်ပြီး ၎င်းထံမှ ငွေသား ၂၀၀၀၀၀ ကျပ်အား အဓမ္မယူခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ထားဝယ်မြို့၌ အခြေစိုက်သည့် SAC ခမရ အမှတ်(၂၆၇)သည် စစ်ကား ၆ စီးဖြင့် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါ်ခလိုဒေသ၊ ထူလယ်ကျေးရွာရှိ ၎င်းတို့၏စခန်းသို့ ရိက္ခာလာရောက်ပို့ဆောင်ပြီးသည့်ချိန်တွင် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များ၏ ပစ်ခတ်ခြင်းကိုခံခဲ့ရပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ နံနက် ၇:၀၀ နာရီခန့်တွင် ဘိတ်-ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးဒေသ၊ ဝါကူ့ကျေးရွာရှိ အိမ်ခြေ ၁၃ လုံးနှင့် ရွာသားများ လုပ်ကိုင်စားသောက်ရာနေရာအချို့ကိုပါ မီးရှို့ဖျက်ဆီးခဲ့ပါသည်။









အထက်ပါပုံများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးဒေသ၊ ဝါကူ့ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံများသည် ထားဝယ်မြို့အခြေစိုက် SAC ခမရ အမှတ် (၂၆၇)မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ နံနက် ၇း၀၀ နာရီခန့်တွင် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ဒိုစိုးမြို့နယ်၊ ထီးလယ်ကလေးဒေသ၊ ဝါကူ့ကျေးရွာရှိ အိမ်ခြေ(၁၃)အိမ်နှင့် ရွာသားများလုပ်ကိုင်စားသောက်ရာနေရာအချို့ကိုပါ မီးရှို့ဖျက်ဆီးခဲ့သည့်ပုံများဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မော်လမြိုင်မြို့ရှိ SAC စစ်သားများသည် ဆိပ်ကြီးမြို့ရှိ ဒေသခံခေါင်းဆောင်များနှင့် ဒေသခံဘာသာရေးခေါင်းဆောင်များကို စုဝေးစေကာ ည (၆) နာရီမထွက်ရအမိန့်ကို ပြဋ္ဌာန်းခဲ့ပါသည်။ မွတ်စလင်ဘာသာဝတ်ပြုကိုးကွယ်သူအနေဖြင့် ည(၆)နာရီမတိုင်ခင် ဝတ်ပြုရန် SAC စစ်သားများ၏ မိန့်ကြားခြင်းခံရပါသည်။ ထို့အပြင် ဘုန်းကြီးများအနေဖြင့် နံနက်(၆)နာရီမတိုင်ခင် ဆွမ်းထွက်ခံခြင်းမပြုကြရန် မိန့်ကြားခြင်းကိုလည်းခံခဲ့ရပါသည်။ ဘာသာအသီးသီးအနေဖြင့် ဤပြဋ္ဌာန်းချက်ကို လိုက်နာရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက အပြစ်ပေးခံရမည်ဖြစ်ကြောင်း SAC စစ်သားများမှ အမိန့်ပေးခဲ့ပါသည်။ ဤပြဋ္ဌာန်းချက်ကြောင့် ရွာသားများအနေဖြင့် ကြောက်ရွံ့မှုဖြင့် ကျေးရွာထဲတွင်နေထိုင်နေကြရပါသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင်လည်း ထားဝယ်မြို့အခြေစိုက် SAC ခြေလျင်တပ်ရင်းအမှတ် (၂၅၊ ၁၀၃၊ ၂၆၅ နှင့် ၂၈၂) တို့သည် ဘိတ်–ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါ်ခလိုးဒေသ၊ လယ်ထူလယ်ကျေးရွာရှိငင်းတို့၏ စခန်းသို့ရိက္ခာပို့ဆောင်စဥ် ကျိုက်ဖီးလန်ကျေးရွာ၊ ပေါ်ခလိုးကျေးရွာဒေသနှင့် ဖော့တော့ကျေးရွာ၊ ပေါ်ခလိုးဒေသကြားရှိ ရွာသားများ၏လယ်ယာမြေများကိုမီးရှို့ခဲ့ကြပါသည်။ SAC စစ်သားများ၏ ရွာသားများအပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုသည် ဒေသခံရွာသားများ၏စားဝတ်နေရေးအပေါ် များစွာဆိုးကျိုးသက်ရောက်မှု ဖြစ်စေခဲ့ပါသည်။

လက်နက်ကိုင်ပဋ္ဋိပက္ခအတွင်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းသည် နိုင်ငံတကာဓလေ့ထုံးတမ်းဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကိုလည်း ချိုးဖောက်ရာရောက်သည်။ အထူးသဖြင့် SAC မှ အရပ်သားပြည်သူများ၏ ပိုင်ဆိုင်မှုပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် စစ်ဘက်ဆိုင်ရာပစ်မှတ်နှင့် အရပ်သားပိုင်ဆိုင်မှုနှင့်အရပ်သားပစ်မှတ်ဟူ၍ ခွဲခြားရမည့်အခြေခံမူများကို ချိုးဖောက်ခြင်းဖြစ်သည်။ ရွာသားများသည် လက်နက်ကိုင်တော်လှန်တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည်ဟု SAC မှ ထင်မြင်ယူဆသောကြောင့် အရပ်သားများကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အမှန်တကယ်တွင် SAC မှ စစ်ရေးစစ်ရာနှင့် မသက်ဆိုင်သော လူပုဂ္ဂိုလ်များနှင့် ပစ္စည်းဥစ္စာများသည် အရပ်သားများနှင့်သက်ဆိုင်သည် ဖြစ်၍ ၎င်းတို့အား ပစ်မှတ်ထားတိုက်ခိုက်၍ မရသည့် အခြေခံမူများကို ချိုးဖောက်ခြင်းဖြစ်သည်။

တိုက်ပွဲအတွင်းတွင် အရပ်သားပြည်သူများ၏အသက်အိုးအိမ်များအား ထိခိုက်စေမည့်အရာများကို လျှော့နည်းလာ စေရန် အရပ်သား

ပစ်မှတ်နှင့် စစ်ဖက်ဆိုင်ရာပစ်မှတ်ဆို၍ခွဲခြားရမည့်စစ်ဥပဒေနိယာမကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ သို့သော်လည်း SAC သည် ထိုစစ်ဥပဒေနိယာမအား လုံးဝလေးစားလိုက်နာခြင်းမရှိပေ။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း အထူးသဖြင့် အရပ်သားပြည်သူများ၏ ပိုင်ဆိုင်မှုပစ္စည်းများကို မပျက်စီးစေရန်အတွက် ကြိုတင်ကာကွယ်တားဆီးရမည်ဖြစ်ပြီး အရပ်သားများအား ထိခိုက်နစ်နာမှုမရှိစေသည့် စစ်တိုက်နည်းများကို ရွေးချယ်ကျင့်သုံးရမည်ဖြစ်သည်။ သို့သော်လည်း SAC သည် အရပ်သားများအား ထိခိုက်နစ်နာမှုရှိသည့်နည်းလမ်းများကို တမင်ရွေးချယ်၍ နေအိမ်များအား မီးရှို့ခဲ့သောကြောင့် အခြားသောနီးစပ်ရာအိမ်များနှင့်ပစ္စည်းဥစ္စာများကိုပါ မီးလောင်ပျက်စီးစေခဲ့သည်။ ထို့အပြင် SAC စစ်တပ်မှ စပါးကျီများနှင့် ဈေးဆိုင်များကို မီးရှို့ခြင်းသည် အရပ်သားပြည်သူများ၏အသက်ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သောစားနပ်ရိက္ခာပစ္စည်းများကို ဖျက်ဆီးခြင်းအား တားမြစ်ထားသော အခြေခံမှုများကို ချိုးဖောက်နေပါသည်။

SAC အနေဖြင့် ထိုသို့မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏စားဝတ်နေရေးအား ထိခိုက်စေခြင်းကြောင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်နေခြင်းဖြစ်သည်။ ဤကဲ့သို့လုပ်ရပ်များသည် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှုဥပဒေကို လက်ကိုင်စွဲထားသည့်ရောမတရားရုံးဖြစ်သည့် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) တွင်ပြဋ္ဌာန်းထားသော အပိုဒ် ၈ (၂) (က) (၄) အရ စစ်ရာဇဝတ်မှုမြောက်ပါသည်။

▶▶ ▶▶ စာမျက်နှာ ၁၁ မှ အဆက်

ခံရပြီးသည့်နောက်ပိုင်း ၎င်းတို့၏တောင်ယာသို့သွားရောက်လုပ်ကိုင်စားသောက်ရန်အတွက် SAC စစ်သားများ၏ရန်ကိုကြောက် ရွံ့နေကြရပြီး စားဝတ်နေရေးအခက်အခဲများကိုလည်း ရင်ဆိုင်နေကြရပါသည်။

စစ်တပ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း လက်နက်ကိုင်တပ်ဖွဲ့အစုအဖွဲ့များ ပိုမိုများပြားလာသည့်နှင့်အမျှ ကျေးလက်ဒေသနေရွာသားများအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များအား ကြောက်ရွံ့နေရပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)မှ ရွာသားသုံးဦးကို ဒလန်ဖြစ်သည်ဟူ၍ စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ထို့နောက် ဖမ်းဆီးထားသည့် ရွာသားနှစ်ဦးအား ပြန်လွှတ်ပေးခဲ့ပါသည်။ သို့သော်လည်း အသက် ၇၀ ရှိပြီဖြစ်သည့် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနိုရိုးဒေသ၊ တင်းမယ်ကျေးရွာတွင်နေထိုင်သည့် တင်းမယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်အား သတ်ဖြတ်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ မနက်ပိုင်းတွင် သတ်ဖြတ်ခံထားရသည့် ဦးအောင်အောင်၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ပါသည်။

ထိုနည်းတူ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ဒေသ၊ ရှောင်မွန်ကျေးရွာတွင် နေထိုင်သည့် ရွာသားနှစ်ဦးအား PDF တပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ၎င်းတို့အား ဒလန်ဖြစ်သည်ဟူ၍ စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ဖမ်းဆီးခံရပြီးသည့်နောက်ပိုင်း ၎င်းတို့၏ သတင်းကို ယခုအချိန်အထိ မကြားရတော့ပါ။ သို့သော်လည်း ဒေသခံရွာသားများမှ ထိုဖမ်းဆီးခံရသည့် ရွာသားနှစ်ဦးကို PDF တပ်ဖွဲ့ဝင်များ သတ်လိုက်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ဒေသခံရွာသားများအနေဖြင့် SAC စစ်သားများနှင့် KNU စစ်သားများကိုသာမက PDF တပ်ဖွဲ့ဝင်များကိုပါ ကြောက်လန့်နေကြရပြီး လွတ်လပ်စွာ ခရီးသွားလာနိုင်ခြင်းလည်းမရှိတော့ပဲ ဖြစ်နေပါသည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ဘီးလင်းမြို့၊ ဒေါက်ရပ်ကျေးရွာကားလမ်းဘေးတွင် ကင်းပုန်းဝပ်နေသော ခြေလျင်တပ်ရင်းအမှတ် (၈) တပ်သား (၅)ဦးနှင့် တပ်ကြပ်ကြီး မိုးဇက်တို့သည် ပန်းရံအလုပ်သွားလုပ်ရန်အတွက် လမ်းလျှောက်လာသည့် သထုံခရိုင်၊ ဒေါက်ရပ်ကျေးနယ်၊ ဒေါက်ရပ် ကျေးရွာတွင်နေထိုင်သည့် စောပြူး အသက် ၁၈ နှစ်နှင့် စောရဲဝင်းနိုင် အသက် ၁၈ နှစ်တို့အားအကြောင်းမဲ့ ပစ်သတ်ခဲ့ပါသည်။

ရွာသားများအနေဖြင့် SAC စစ်သားများ၏ ဖမ်းဆီးခြင်းခံရမည်ကိုကြောက်ရွံ့ကြသဖြင့် လုံခြုံမှုရှိသည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်ကြရခြင်း၊ မိသားစုဝင်များမှ ငွေပေး၍ပြန်လည်ရွေးထုတ်ရခြင်းတို့အား ပြုလုပ်ခဲ့ကြပါသည်။ သို့သော်လည်း အချို့သောဖြစ်ရပ်များတွင် SAC မှရွာသားများကို ဆက်လက်၍ဖမ်းဆီးထားခြင်းနှင့် ဖမ်းဆီးထားသည့်သူများ မည်ကဲ့သို့ဖြစ်သွားသည်ကို အကြောင်းကြားမှုမရှိခြင်းတို့ကြောင့် မိသားစုများအနေဖြင့် စိုးရိမ်ကြောက်ကြနေရလျှက်ရှိပါသည်။ ထိုကဲ့သို့စိုးရိမ်ပူပင်ရခြင်းမှာ ဖမ်းဆီးခံထားရသည့် မိသားစုဝင်များကို SAC စစ်သားများ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။




၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ရက်နေ့တွင် နံနက် ၁၁ နာရီခွဲခန့်တွင် ခြေလျင်တပ်ရင်းအမှတ် (၈) တပ်သား တို့၏ ပစ်သတ်ခြင်းကိုခံရသည့် သထုံခရိုင်၊ ဒေါက်ရပ်ကျေးနယ်၊ဒေါက်ရပ်ကျေးရွာတွင်နေထိုင်သည့် စောပြူး အသက် ၁၈ နှစ်နှင့် စောရဲဝင်းနိုင် အသက် ၁၈ တို့၏အလောင်းပုံဖြစ်ပါသည်။ *(ဓာတ်ပုံ – KHRG)*



# ppfaumifpDvufeufu,Dypfcwfrsm;EShf tjypfrh&yfom;jynfolrsm;jynfwGif;ae&yfpGefYcGmxGufajy; aexdkif&jcif;

**နိဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ၎င်း၏စစ်တပ်များသည် ကျေးလက်နေရွာသားများ၏ နေအိမ်အဆောက်အဦးများသို့ မရေတွက်နိုင်သော လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းများနှင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းများ မကြာခဏလုပ်ဆောင်ခဲ့ပြီး ၎င်းသည် ကရင်ပြည်နယ်အတွင်း SAC အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးထဲမှတစ်ခု အပါအဝင်ဖြစ်ပါသည်။

သထုံခရိုင်၊ သထုံမြို့နယ်၊ ရွာသူတစ်ဦးမှ **"(ဗမာစစ်တပ်တွေ လက်နက်ကြီးပစ်ခတ်တာတ) ဘယ်နှစ်ကြိမ်ရှိပြီးလဲဆိုတာ မရေတွက်နိုင်တော့ဘူး၊ တစ်ခါတစ်လေ သူတို့ နေ့တိုင်းပစ်နေတာပဲ။ လွန်ခဲ့တဲ့ သုံးလခန့် (စက်တင်ဘာလ ၂၀၂၂ ခုနှစ်လောက်) မှာ ပစ်လိုက်တဲ့ လက်နက်ကြီးက ကျွန်မအိမ် ဘေးနားကျပြီး လက်နက်ကြီးအပိုင်းအစတွေက ကျွန်မအိမ်နဲ့ ကျွန်မအဒေါ်အိမ်ကို ထိခိုက်ပျက်စီးသွားတယ်၊ စစ်တပ်ကတော့ နေ့တိုင်းနီးပါ ပစ်ချနေတာပဲ"** ဟု ပြောပြခဲ့သည်။

တစ်ခါတစ်ရံ SAC တပ်များသည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)(သို့) ပြည်သူ့ကာကွယ်ရေးတပ် (PDF) များမှ ၎င်းတို့အား လာရောက်ပစ်ခတ်ခြင်း (သို့မဟုတ်) လာရောက်တိုက်ခိုက်မည်ဟု သတင်းရရှိသည့်အခါများတွင် လက်တုန့်ပြန်သည့်အနေဖြင့် ကျေးရွာများသို့ လက်နက်ကြီးများ ပစ်ခတ်လေ့ရှိသည်။

သို့သော် တစ်ခါတစ်ရံတွင် စစ်ကောင်စီတပ်များသည် မည့်သည့်ကိစ္စဖြင့် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ် ကြောင်းကို ရွာသားများမှ မသိရှိရပေ။ ထိုသို့ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် ရွာသားများ၏ လယ်ယာမြေ၊ ဥယျာဥ်ခြံမြေများ၊ ကျေးရွာအနီးဝန်းကျင်၊ ကျေးရွာအတွင်းရှိနေအိမ်များ၊ ကျောင်းများ၊ ဘုရားရှိခိုးကျောင်းများနှင့် အနီးတစ်ဝိုက်သို့ ကျရောက်ပေါက်ကွဲမှုများရှိသည်။ ထို့ကြောင့် စစ်တပ်စခန်းများနှင့်နီးသော ကျေးရွာများသည် အသက်အန္တရာယ်စိုးရိမ်ရမှုများ၊ ကြောက်ရွံ့ထိတ်လန့်မှုများ၊ ထိခိုက်ဒဏ်ရာရမှု၊ အသက်သေဆုံးမှု၊ ပိုင်ဆိုင်မှုများဖြစ်သည့် အိမ်မွေးတိရစ္ဆာန်၊ သီးနှံပင်များပျက်စီးမှုနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းများကို အများဆုံးရင်ဆိုင်ကြရသည်။

သထုံမြို့နယ်၊ ရွာသူတစ်ဦးမှ **"တစ်ခါတစ်ရံ (လက်နက်ကြီး) ကျေးရွာအတွင်းသို့ကျတာ၊ နေအိမ်တွေ၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းတွေနား ကျတာတွေရှိတယ်။ ကျောင်းတက် နေတဲ့ကလေးတွေကတော့ အခုအခြေအနေကိုအသိဆုံးပဲ၊ ကျောင်းထဲမှာရှိတဲ့ ကျောင်းသား/ကျောင်းသူတွေကကြောက်ပြီး အော်ကြတယ်။ လက်နက်ကြီးပစ်ခတ်သည့်အချိန်မှာ အသက် ၇ နှစ် ၉ နှစ်သာရှိသေးတဲ့ ကျွန်မတူလေးတွေဆို 'မိုးကြီးရေ လက်နက်ကြီးပစ်သံက ကြောက်စရာကြီး၊ ကျွန်တော်တို့ကျောင်းပေါ်မှာ လျှောက်မသွားရဲတော့ဘူး။ ကျောင်းအောက်က အိပ်စင်အဆင့်ရဲ့အောက်တွေမှာပဲ ပုန်းနေရတယ်။ မိုးကြီးရေ ကျောင်းပိတ်ရင် လာခေါ်နော်' ကျွန်မကလေးတွေကို အရမ်းသနားတာပဲ၊ ကျွန်မရဲ့တူလေးက အခုမှ အသက် ၉ နှစ်ပဲရှိသေးတယ်။ ကလေးက အရမ်းတော်တယ်၊ သူကကျွန်မကိုပြော တယ် 'အမိုးကြီးရေ လက်နက်ကြီးကျတာ ဖိုးခွားတို့နဲ့အရမ်းနီးတော့ ကြောက်လို့ ဖိုးခွားငိုတော့ ဆရာမက ဖိုးခွားကို ဖက်ထားပေးတယ်။ ကျောင်းက ကလေးတွေလဲ အကုန်ငိုကြတယ်' အဲ့လို ကျွန်မကြားရတော့ ကျွန်မအရမ်းစိတ်ထိခိုက်ဝမ်းနည်းရတယ်"** ဟု ပြောပြခဲ့သည်။ စစ်ကောင်စီတပ်များသည် ဒေသခံရွာသားများနေထိုင်သည့်နေရာများသို့ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ရွာသားများ၏ စိုက်ပျိုးသီးနှံပင်များပျက်စီးခြင်းနှင့် ထောင်နှင့်ချီသောဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးကြရကာ တောတောင်များ၊ ဘေးလွတ်ရာအခြားကျေးရွာများ၊ မြို့ပေါ်ဒေသများ၊ ထိုင်း-မြန်မာနယ်စပ်နှင့် ဒုက္ခသည်စခန်းများသို့ တိမ်းရှောင်နေထိုင်ကြရသည်။

စစ်ကောင်စီတပ်များ ကျေးရွာတွင်းသို့ လက်နက်ကြီးများ မကြာခဏပစ်ခတ်ခြင်းနှင့်စပ်လျဥ်း ၍ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ သမိဒုံကျေးရွာအုပ်စု၊ ရွာသူတစ်ဦး၏အမြင်နှင့် ယူဆချက်ကို ဤသို့တင်ပြထားသည်။ **"ဒီကိစ္စက သူတို့အနေနဲ့ (ဗမာစစ်တပ်) အရပ်သားတွေကို ရည်ရွယ်ချက်ရှိရှိသတ်ဖြတ်နေတာပဲ။ ဒါက ကရင်လူမျိုးနဲ့ အခြားသောတိုင်းရင်းသားတွေအပေါ် လူမျိုးတုံးသတ်ဖြတ်ဖို့ လုပ်ဆောင်နေတာဖြစ်တယ်။ သူတို့စစ်တပ်ကပဲ တိုင်းပြည်ကို အုပ်ချုပ်ချင်**

**နေတာ။ သူတို့ပစ်လိုက်တဲ့လက်နက်ကြီးကျည်အချို့ကတော့ KNLA နဲ့ KNDO တွေဆီကို ကျတာရှိပေမယ့် ပြည်သူတွေနေတဲ့နေရာကို ကျတာပိုများတယ်။ ကျွန်မအနေနဲ့ ဗမာစစ်တပ်ကို လုံးဝမလိုလား မကြိုက်နှစ်သက်တာအမှန်ပဲ။ လူသားချင်းအတူတူကို သူတို့ဒီလောက်တောင်သတ်ဖြတ်နေတာ။ ကျွန်မအမြင်တော့ ပြည်သူတွေကိုသတ်ဖြတ်နေတာဟာ သူတို့ သတ်ချင်လို့ကို သတ်နေတာ။ တမင်သတ်သတ်ကိုလုပ်နေတာ။ သူများကိုမနိုင်လို့ လေယာဥ် နဲ့လာဗုံးကြဲတော့ ကျွန်မတို့ပြည်သူတွေပဲ ထိခိုက်သေဆုံးရတယ်။ ထိခိုက်ဒဏ်ရာရတဲ့သူအများစုက အမျိုးသမီးနဲ့ ကလေးသူငယ်တွေပဲ။ အမျိုးသားတွေက လွတ်အောင်ပြေးနိုင်ပေမယ့် ကျွန်မတို့အမျိုးသမီးတွေက ကလေးတွေနဲ့ဆိုတော့ လွတ်အောင်မပြေးနိုင်ဘူးလေ။ ဒါကြောင့် အမျိုးသမီးနဲ့ကလေးတွေပဲ အများဆုံး ထိခိုက်ကြရတယ်”** ။ KHRG အနေဖြင့် စစ်ကောင်စီ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများအားလုံးကို မှတ်တမ်းမတင်နိုင်သော်လည်း ထိုအထဲမှ မှတ်တမ်းတင်နိုင်သည့် အကြောင်းအရာ အချို့ကို အောက်တွင်ဖော်ပြပေးသွားပါမည်။

### ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်

သဂေါ်ပလေတပ်စခန်း တနည်းအားဖြင့် BGF စခန်းကုန်းတပ်သည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စုနှင့် သထုံခရိုင်၊ ဘီးလင်းမြို့နယ်အစပ်နားတွင် တပ်စွဲထားသည်။ စစ်ကောင်စီနှင့် BGF တပ်ရင်း-၁၀၁၄ လက်အောက်ခံ ဒုတပ်ရင်းမှူးဗိုလ်မောင်ချစ်ကြီးကြပ်ကွပ်ကဲသော တပ်ခွဲ-၁ တပ်ဖွဲ့သည် ဒေသတွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားသည့်အချိန် (သို့မဟုတ်) သတင်းတစ်ခုခုရရှိသည့်အချိန်တွင် ၎င်းတို့တပ်စခန်းအနီးဝန်းကျင်ဒေသများသို့ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်လေ့ရှိသည်။

ထို့ကြောင့် သာဂေါ်ပလေတပ်စခန်းအနီးတွင်နေထိုင်သော ရွာသားများသည် စိုးရိမ်ထိတ်လန့်မှုများဖြင့် အမြဲတစေ နေထိုင်နေရပြီး စစ်ကောင်စီ BGF တပ်များမှ ရွာသားများနေထိုင်သောနေရာများ၊ ဥယျာဥ်ခြံများ၊ မွေးမြူရေးခြံများနှင့် လုပ်ကိုင်စားသောက်သောနေရာများသို့ လက်နက်ကြီးများပစ်ခတ်သဖြင့် အချို့မှာထိခိုက်ဒဏ်ရာရပြီး အချို့မှာ အသက်သေဆုံးမှုများပင်ရှိသည်။

ဖြစ်စဥ်တစ်ခုတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ည ၁၀း၂၆ အချိန်၌ သာဂေါ်ပလေတပ်စခန်းရှိ စစ်ကောင်စီနှင့် BGF မှ ၁၂၂ မမ ၈ လုံးအား ဘီးလင်းမြို့နယ်၊ မင်းဇော‌ကျေးရွာအုပ်စုဘက်သို့ ပစ်ခတ်ခဲ့သည်။ ထိုအထဲမှ လက်နက်ကြီးကျည် ၅ လုံးသည် ထီးဆီဘောရွာဘေးသို့ ည ၁၀း၂၆ တွင်တစ်လုံး၊ ၁၀း၃၀ တွင် တစ်လုံး၊ ၁၀း၃၆ တွင် တစ်လုံး၊ ၁၀း၄၀ တွင်တစ်လုံးနှင့် ၁၀း၄၄ တွင် တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးကျည်များသည် ရွာအပြင်သို့ ကျရောက်ပေါက်ကွဲသဖြင့် ရွာသားများအနေဖြင့် ထိခိုက်ဒဏ်ရာရှိမှုတစ်စုံတစ်ရာမျှ မရှိသော်လည်း ရွာသားများအတွက် ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေပါသည်။ ကျန်လက်နက်ကြီးကျည် ၃ လုံးမှာ မူမင်းဇော‌ကျေးရွာတွင်းသို့ ည ၁၁း၁၃ တွင် တစ်လုံး၊ ၁၁း၁၈ တွင်တစ်လုံးနှင့် ၁၁း၂၀ တွင်တစ်လုံး ကျရောက်ခဲ့သည်။ မင်းဇော‌ကျေးရွာတွင်းသို့ လက်နက်ကြီးကျည်ကျရောက်သဖြင့် နေအိမ် ၆ လုံးနှင့် နေအိမ်အသုံးအဆောင်များ၊ ဘုန်းကြီးကျောင်းနှင့် အသုံးအဆောင်များ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ ထမင်းစားဆောင်အမိုးများ ပျက်စီးသွားခဲ့သည်။ ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ရွာသားများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။

ထို့နည်းတူစွာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် သဂေါ်ပလေတပ်စခန်းရှိ စစ်ကောင်စီနှင့် BGF တပ်များသည် ထပ်မံ၍ လက်နက်ကြီး ၁၂၂ မမ ဖြင့် ၅ လုံး၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်လည်း လက်နက်ကြီး ၁၂၂ မမ ၂ လုံးနှင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် လက်နက်ကြီး ၁၂၂ မမ ၄ လုံးအား မင်းဇော‌ကျေးရွာအုပ်စုရှိ ထီးဆီဘောနှင့် မင်းဇော‌ကျေးရွာများသို့ ပစ်ခတ်သဖြင့် ရွာသားများ၏ နေအိမ်၊ ရာဘာခြံ၊ လယ်ယာ၊ အုန်းပင်၊ ရေတွင်းနှင့် အဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။

### သထုံမြို့နယ်

သထုံခရိုင်၊ သထုံမြို့နယ်၊ မော့လေးကျေးရွာအုပ်စု၊ ပိန္နဲတောကျေးရွာ၏အလယ် ပြည်သူပိုင်လမ်းမဘေးတွင် တပ်စွဲထားသော ပိန္နဲတောတပ်သည် များသောအားဖြင့်ဘုန်းကြီးကျောင်းများတွင်လည်း တပ်စွဲထားပြီး ကျေးရွာများအတွင်းနှင့် ကျေးရွာအနီးဝန်းကျင်များသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်လေ့ရှိသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ပိန္နဲတောတပ်စခန်းမှ စစ်ကောင်စီ ခြေမြန်တပ်ရင်း အမှတ်(၄၄) (သို့မဟုတ်) (၂၂) ၏ တပ်ရင်းမှူးနှင့် တပ်သားအချို့သည် ပိန္နဲတောဘုန်းကြီးကျောင်းတွင် တပ်စွဲထားသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်အချိန်တွင် ပိန္နဲတောတပ်စခန်းရှိ စစ်ကောင်စီတပ်သည် KNLA နှင့် PDF တပ်များမှ ၎င်းတို့တပ်စခန်းအား ဒရုန်းဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းကို လက်တုန့်ပြန်သည့်အနေဖြင့် ကျေးရွာတွင်းသို့ လက်နက်ကြီး ၅ လုံး ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်များအနက် တစ်လုံးမှာရွာထဲသို့ကျခဲ့ပြီး ရွာသားတစ်ဦး၏နွားထီး (၂) ကောင်သေဆုံးခဲ့ရပြီး၊ ဆိုင်ကယ်တစ်စီးလည်း ပျက်စီးခဲ့သည့်အပြင်၊ လူနေအိမ် (၂)လုံးလည်း ပျက်စီးမှုကြီးမားခဲ့သည်။ ထိုပြင် အခြားလူနေအိမ်တော်တော်များများမှာလည်း အနည်းငယ်ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ထိုနည်းတူ နေအိမ်တွင်ရှိနေခဲ့သောအိမ်ရှင်လင်မယားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ရွာသားနှစ်ဦးသည် ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူခဲ့ရသည်။ ထိုရွာသားနှစ်ဦးတွင် ကလေးများရှိပြီး ထိုဖြစ်စဥ်ဖြစ်ပွားသည့်အချိန်တွင် ကလေးများကျောင်းသွားနေချိန်ဖြစ်သဖြင့် ၎င်းတို့၏ကလေးများမှာမူ ထိခိုက်မှုတစ်စုံတစ်ရာမရှိပေ။ သို့သော် ၎င်းတို့၏ နေအိမ်ပျက်စီးပြီး နွားထီး ၂ ကောင်နှင့်ဆိုင်ကယ်တစ်စီး ပျက်စီးခဲ့သောကြောင့် ၎င်းတို့မိသားစုဘဝရပ်တည်ရှင်သန်ရေးအတွက် များစွာထိခိုက်မှုဖြစ်စေပါသည်။

ပိန္နဲတောစခန်းရှိ စစ်ကောင်စီတပ်သည် ထိုတစ်နေ့တည်းတွင် လက်နက်ကြီး ၃ လုံးအား ညနေ ၇ နာရီမှ ၁၁ နာရီအတွင်း ထပ်မံပစ်ခတ်ခဲ့ရာ အသက် ၅၂ နှစ်အရွယ် ရွာသားတစ်ဦး၏ နေအိမ်ဘေးသို့

ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ထိုရွာသား၏ပေါင်တွင် ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏တဲအမိုးနှင့် ရာဘာပင်အချို့လည်း ထိခိုက်ပျက်စီးခဲ့ရသည်။ စစ်ကောင်စီတပ်အနေဖြင့် မည်သည့်ကိစ္စကြောင့် ထိုသို့ပစ်ခတ်မှုလုပ်ဆောင်ရခြင်းကိုမူ မသိရှိရပေ။ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှ KHRG သို့ ပြောပြသည်မှာ **"ကျွန်တော့်သူငယ်ချင်းအိမ်ကို သွားလည်တဲ့အချိန်က ပိန္နဲတောစခန်းကနေ လက်နက်ကြီး ၂ ချက်ပစ်တာကြားတယ်၊ ပြီးတော့ ဘာအသံမှထပ်မကြားတော့လို့ ရွာထဲကသူများအိမ်ကို ကျွန်တော်သွားလည်တယ်။ ကျွန်တော်တို့ စကားတစ်ခွန်း နှစ်ခွန်းပြောပြီး ခဏနေတော့ လက်နက်ကြီးကျည်တစ်လုံး ကျွန်တော့်ဘေးကိုကျပြီး အစအနတွေက ကျွန်တော့်ကိုထိတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်လဲကျသွားတယ်။ သွေးတွေအရမ်းထွက်ပြီး မျက်စိမှုန်ဝါးကုန်တယ်"** ဟု ပြောပြခဲ့သည်။ ထိုသို့ထိခိုက်ဒဏ်ရာရရှိပြီးနောက် ၎င်း၏အနီးအနားရှိရွာသားများမှ ဒဏ်ရာကိုပတ်တီးပတ်ပေးပြီး ဘုန်းကြီးကျောင်းရှိ စစ်ကောင်စီ ဆရာဝန်ထံသို့ ဆေးကုသမှုခံယူစေရန် ပို့ဆောင်ပေးခဲ့ကြသည်။ စစ်ကောင်စီဆရာဝန်များမှ ၎င်း၏အနာအား ဆေးထည့်ပတ်တီးစီးပေးပြီး ဆေးထိုးပေးခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားသည့်အချိန်သည် ညအချိန်ဖြစ်ပြီး လက်နက်ကိုင်များမှ သွားလာခွင့်ပိတ်ပင်ထားသောကြောင့် အကယ်၍သွားခဲ့သည်ရှိသော် မြေမြှုပ်မိုင်းအန္တရာယ် (သို့) လက်နက်ကိုင်တစ်ဖွဲ့ဖွဲ့မှ ၎င်းတို့အား ပစ်ခတ်မည်စိုးသောကြောင့် ရွာသားများအနေဖြင့် စေတာထူးကို ဆေးရုံသို့မပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးသည် ဘုန်းကြီးကျောင်းတွင်တစ်ည ဆေးကုသမှုခံယူပြီး နောက်တစ်နေ့မနက်တွင် ဘီးလင်းမြို့ဆေးရုံသို့ သွားရောက်ခဲ့ပါသည်။ ၎င်းမှ လမ်းစရိတ် ၅၀,၀၀၀ ကျပ် နှင့် ဆေးကုသမှုစရိတ် ၈ ရက်စာ ၁၀ သိန်းနီးပါး ကုန်ကျခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှ **"ကျွန်တော် (ဆေးရုံ) ကိုသွားပြီး ဓာတ်မှန်ရိုက်ကြည့်တာ လက်နက်ကြီးကျည်စ အထဲမှာရှိနေလို့ ဆရာဝန်ခွဲထုတ်ပေးတာ ကျည်စက အတော်ကြီးပြီးရှည်တယ်"** ဟု ပြောသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့၌ KHRG မှ သွားရောက်တွေ့ဆုံမေးမြန်းချိန်တွင် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးမှာ ဆေးရုံဆင်းနေပြီး ၎င်း၏နေအိမ်တွင်ပြန်လည်ရောက်ရှိနေပြီဖြစ်သော်လည်း ၎င်းမှာ လမ်းကောင်းကောင်းမလျှောက်နိုင်သေးပဲ မိသားစုရပ်တည်ရှင်သန်ရေးအတွက် အလုပ်မလုပ်နိုင်သေးပါ။ ဆေးကုသမှု ကုန်ကျစရိတ်များနှင့်ပတ်သတ်၍လည်း အခက်အခဲများ ရင်ဆိုင်နေရသည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် နံနက် ၁၀:၀၆ အချိန်တွင် စစ်ကောင်စီအမြောက်တပ် အမှတ် (၃၁၄) သည် လက်နက်ကြီးကျည် ၈၀မမ ဖြင့် ကေအဲန်ယူအုပ်ချုပ်သည့်နယ်မြေ သထုံမြို့နယ်၊ ရွှေရောင်ပြကျေးရွာအုပ်စု၊ အဝင်းကြီးကျေးရွာအနီးရှိ ရော်ဘာခြံသို့ ပစ်ခတ်ခဲ့သည်။ ရော်ဘာခြံထဲသို့ လက်နက်ကြီး ၂ လုံးကျရောက်ခဲ့ပြီး ရွာသားတစ်ဦး၏ ရော်ဘာပင် ၁၃ ပင် ထိခိုက်ပြီး ကမာစိုင်ကျေးရွာအုပ်စုရွာသား အသက် ၅၂ နှစ်၏ မျက်ခုံးတွင် ဒဏ်ရာရရှိခဲ့သည်။

## ဘားအံမြို့နယ်

၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက် နံနက် ၆ နာရီအချိန်တွင် KNLA ပူးပေါင်းတပ်များသည် စစ်ကောင်စီနှင့်နယ်ခြားစောင့်တပ်များခလယ်ရွာသို့သွားစဥ် သွားရောက်ပစ်ခတ်သဖြင့် စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်များမှ ၆၀ မမ ဖြင့် ညောင်ကုန်းစစ်တပ်စခန်းအနီးရှိ ကျေးရွာများအတွင်းသို့ ပြန်လည်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ လက်နက်ကြီးကျည် ၆ လုံးသည် ကျုံခနတ်ကျေးရွာအုပ်စု၊ ဘားအံမြို့နယ် ကျေးရွာတစ်ရွာထဲသို့ ကျရောက်၍ တစ်လုံးမှာ ဘုန်းကြီးကျောင်းဝန်းသို့ကျပြီး အသက် ၆၃ နှစ်အရွယ် မယ်သီလရှင်တစ်ပါး၏ ဦးခေါင်း၊ လက်၊ ခြေနှင့် ခန္ဓာကိုယ် တစ်ခုလုံးထိခိုက်ပြီး ထိုနေရာတွင်ပင် သေဆုံးသွားသည်။ ခဏအကြာတွင် ရွာသားအချို့မှ မယ်သီလရှင်၏ ရုပ်အလောင်းကို ကြောက်လန့်သည့်ကြားမှပင် သွားရောက်ယူဆောင်ပြီး မီးသဂြိုလ်ပေးခဲ့သည်။ ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပြီး ကလေးငယ်တစ်ဦး အနည်းငယ် ဒဏ်ရာရရှိခဲ့သည်။ ရွာသားများမှ ထိုလက်နက်ကြီးကျည်များသည် စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်များ ပစ်ခတ်ခြင်းဖြစ်ကြောင်း မှတ်ယူသည် အကြောင်းမှာ ထိုကျည်များ၏ဒလတ်မှာ ၈ လက်ပါပြီး KNLA ၏ လက်နက်ကြီးကျည်များမှာမူ ၆ လတ်သာ ပါသောကြောင့်ဖြစ်သည်။

## ကျိုက်ထိုမြို့နယ်

သိမ်ဇရပ်တွင်ရှိသော စစ်ကောင်စီခြေမြန်တပ် တပ်မ အမှတ် (၄၄) လက်အောက်ခံ ခြေမြန်တပ်ရင်း(၂၀၇) သည် လက်နက်ကြီးဖြင့် ရွာသားများနေထိုင်သည့်နေရာများသို့ မကြာခဏပစ်ခတ်သဖြင့် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများနှင့် စိုက်ပျိုးသီးနှံများပျက်စီးမှုအများအပြားဖြစ်စေသည်။ ဖြစ်စဥ်တစ်ခုဖြစ်သော ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် ညနေ ၇ နာရီအချိန် စစ်ကောင်စီခြေမြန်တပ်ရင်း အမှတ် (၂၀၇) နှင့် အမြောက်တပ်အမှတ် (၃၁၀) မှ ၁၂၀မမ နှင့် ၆၀မမ တို့ဖြင့် ကျိုက်ထို မြို့နယ်၊ ခရွဲအုပ်စု၊ သုံးခွရွာသို့ ၆ လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ရွာသား၏ ရော်ဘာခြံနှင့် သီဟိုရ်ခြံသို့ ကျရောက်သဖြင့် ရွာသား ၆ ဦး ထိခိုက်ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံးခဲ့သည်။

## တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်၊ ညနေ ၈ နာရီခွဲအချိန်တွင် စစ်ကောင်စီခြေမြန်တပ်ရင်း (ခမရ-၆၀၄) တပ်များသည် ဒေါ်ဖားခိုမြို့နယ်၊ တောအူးနှင့် သံတောင်မြို့ကြားရှိ ကားလမ်းမတွင် ကင်းလှည့်လည်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် စစ်ကောင်စီတပ်များနှင့် KNLA တပ်မဟာ ၂ တပ်ရင်း ၅ လက်အောက်ခံ တပ်ခွဲ ၃ နှင့် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် စစ်ကောင်စီ ခမရ-၆၀၄ နှင့် KNLA တပ်ခွဲ ၃ တို့ကြား ၁၅ မိနစ်နီးပါး တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ ခမရ-၆၀၄ တပ်များသည် စနေကုန်းစခန်းတွင် တပ်စွဲထားပြီး ၎င်းတပ်များသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒေးလော်မူနူလာနေရာနှင့် တစ်မိုင်ခန့်သာ အကွာအဝေးရှိပါသည်။

ထိုဖြစ်စဥ်ဖြစ်ပွားပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ နံနက် ၉ နာရီအချိန်တွင် စစ်ကောင်စီ ခြေမြန်တပ်ရင်း(ခမရ-၆၀၄)တပ်များသည် ၎င်းတို့တိုက်ခိုက်ခံရသည်ကို လက်တုန့်ပြန်သည့်အနေဖြင့် လက်နက်ကြီးဖြင့် အ--- ရွာသို့ ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ (ယခင်က ခမရ-၆၀၄ တပ်ရင်းမှူး ဟိန်းဇံထွန်းသည် KNLA မှ ၎င်းတို့အား

လာရောက်တိုက်ခိုက်ပါက ကျေးရွာများကို ပစ်ခတ်သွားမည်ဟု ရွာသားများအား သတိပေးခဲ့ဖူးသည်။) လက်နက်ကြီးကျည်တစ်လုံးသည် တောင်ပေါ်ရွာအနီးသို့ ကျရောက်ပေါက်ကွဲသော်လည်း ရွာသားတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။ အခြားလက်နက်ကြီးကျည်တစ်လုံးမှာမူ စောစ---အိမ်ခေါင်မိုးပေါ်သို့ကျရောက်ပေါက်ကွဲကာ အသက် ၅၀ အရွယ် စောဒ---သည် စောစ---၏အိမ်အနီးတွင်ရှိသဖြင့် ၎င်း၏ ဘယ်ဘက်လမ်းမောင်းတွင် အနည်းငယ်ထိခိုက်ဒဏ်ရာရခဲ့သည်။ (စောစ---ကိုယ်တိုင်မှာမူ ဘုရားကျောင်းသို့သွားရောက်နေချိန်ဖြစ်သဖြင့် ၎င်းမှာ ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာမျှမရှိခဲ့ပေ) လက် နက်ကြီးပစ်ခတ်မှုဖြစ်ပွားပြီးနောက် ရွာသားများသည် ရွာပြင်သို့မထွက်ရဲတော့သဖြင့် ရွာထဲတွင် နေထိုင်ကြရသည်။ ဒဏ်ရာရရှိသော ရွာသားတစ်ဦးမှာမူ အ---ရွာရှိ ဆေးဆရာမထံ၌ ထိုနေ့တွင် ဆေးဝါးကုသမှုခံယူခဲ့ရသည်။ ၎င်းဆေးဆရာမသည် ယခင်က ယင်းကျေးရွာ၌ ဆေးသင်တန်းတက်ရောက်ခဲ့သူဖြစ်သည်။ (ထိုဒဏ်ရာရရှိသူသည် ယခုအခါ ဒဏ်ရာသက်သာပျောက်ကင်းနေပြီဖြစ်သည်။)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီ ခြေမြန်တပ်ရင်း (ခမရ-၆၀၄) တပ်များသည် သံတောင်မြို့သစ်ထဲတွင် လက်နက်ငယ်ဖြင့် မိုးပေါ်သို့ အချက်(၃၀)ခန့် ခြောက်လှန့်ပစ်ခတ်ခဲ့သည်။ ဒေသခံရွာသားများမှ တပ်ရင်းမှူး ဟိန်းဇံထွန်းအနေဖြင့် ၎င်း၏ရဲဘော်များအား အကယ်၍ KNLA မှ တိုက်ခိုက်ခဲ့သည်ရှိသော် ရွာသားများအား ပြန်လည်ခြိမ်းခြောက်ပစ်ခတ်ရမည်ဟု အမိန့်ပေးထားကြောင်း ယုံကြည်ကြသည်။ ဗမာစစ်တပ်၏ လက်နက်ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် တောင်ငူမြို့မှ တယ်လီနော ဖုန်းလိုင်းအလုပ်သမားတစ်ဦး အနည်းငယ်ဒဏ်ရာရခဲ့သည်။ ထိုထိခိုက်ဒဏ်ရာရရှိသူသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် တောင်ငူမြို့သို့ ပြန်သွားပြီးနောက် ၎င်းသည် မည်သည့်နေရာတွင်နေထိုင်နေကြောင်းကို မသိရတော့ပေ။

စစ်ကောင်စီခြေမြန်တပ်ရင်း (ခမရ-၆၀၄) တပ်ရင်းမှူး ဟိန်းဇံထွန်းနှင့် ၎င်း၏တပ်များသည် သံတောင်မြို့ရှိတပ်စခန်းတွင်အခြေစိုက်ပြီး သံတောင်မြို့သစ်ထဲတွင်လည်း လှုပ်ရှားလျက်ရှိသည်။ သံတောင်မြို့နှင့် တောင်ငူမြို့ကြားရှိ လမ်းမကြီးဘေးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်စခန်းသုံးခုမှာ ၁၆ မိုင်တပ်စခန်း၊ စနေကုန်းတပ်စခန်းနှင့် တောင်ပြာကြီးတပ်စခန်းတို့ဖြစ်ကြသည်။ တပ်ရင်းမှူး ဟိန်းဇံထွန်းသည် သံတောင်မြို့သစ်တပ်စခန်းတွင် ကြီးကြပ်ကွပ်ကဲနေသည်။

## ထောတထူ (ထန်းတပင်) မြို့နယ်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ထောတထူမြို့နယ်၊ ပယ်ထီဒေသ၊ ရှမ်းစေးဘိုကျေးရွာအနီးတွင် အခြေစိုက်ထားသော SAC တောင်ပိုင်းတိုင်းစစ်ဌာနချုပ်(တပခ)လက်အောက်ခံ ခြေလျင်တပ်ရင်းအမှတ်(၃၀၆) ရှမ်းစေးဘိုတပ်စခန်းမှ တပ်သားများသည် လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်ကာ တောကူးရွာအနီးတစ်ဝိုက်ရှိ လယ်ကွင်းထဲတွင် ကျရောက်ခဲ့သည်။ ဤရမ်းသမ်းပစ်ခတ်မှုကြောင့် ရွာသူရွာသားများသည် ထိတ်လန့်ကြောက်ရွံ့မှုများကြား နေကြရသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ မတ်လ(၄)ရက်နေ့ ညနေ ၉း၃၀ အချိန်တွင်ပင် SAC ခြေမြန်တပ်ရင်း အမှတ်(၃၀၆) ရှမ်းစေးဘိုတပ်စခန်းမှ တပ်သားများသည် လက်နက်ကြီးဖြင့် ထောတထူမြို့နယ်ရှိ ကျေးရွာတစ်ရွာအတွင်းသို့ ထပ်မံပစ်ခတ်ခဲ့ရာ သူငယ်ချင်းသုံးဦးဖြင့် ကြွက်ပစ်ပြန်လာသော ၁၆ နှစ်အရွယ်၏ လက်ယာဘက်လက်အား လက်နက်ကြီးစ ထိမှန်ခဲ့သည်။ စစ်ကောင်စီတပ်များသည် မည်သည့်အကြောင်းကြောင့် လက်နက်ကြီးများအား ရမ်းသမ်းပစ်ခတ်ခဲ့သည်ကို ရွာသားများအနေဖြင့် မသိရှိကြပေ။

## ခလယ်လွိထူခရိုင်၊ မူးမြို့နယ်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ရေအိုးစင်စခန်းရှိ စစ်ကောင်စီ ခြေမြန်တပ်ရင်း – ၅၉၀ သည် ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်၊ ပေါပီဒဲကျေးရွာအုပ်စု၊ ထီးတိုးလိုကျေးရွာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ဗမာစစ်တပ်မှ မည်သည့်အကြောင်းကြောင့် လက်နက်ကြီးပစ်ခတ်သည်ကို ရွာသားများမှမသိရှိရဘဲ လက်နက်ကြီး ကျည်များသည် အသက် ၇၃ နှစ်ရွာသားတစ်ဦး၏နေအိမ်ကိုထိပြီး ၎င်း၏အိမ်ပျက်စီးကာ အိမ်ရှင်လည်း ထိမှန်သေဆုံးခဲ့သည်။

ထို့အတူ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေ ၇ နာရီတွင် KNLA တပ်သား ၂ ဦးနှင့် KNDO တပ်သား တစ်ဦးတို့သည် စစ်ကောင်စီတပ်များ ထီးတိုလိုရွာတွင်ရှိစဉ် ဝင်ရောက်ပစ်ခတ်သဖြင့် ရေအိုးစင်တပ်စခန်းရှိ စစ်ကောင်စီ ခြေမြန်တပ်ရင်း ၅၉၀ မှ မူးမြို့နယ်၊ ပေါပီဒဲကျေးရွာအုပ်စု၊ ထီးတိုလိုကျေးရွာသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုလက်နက်ကြီးကျည်များသည် ထီးတိုလိုရွာအတွင်း ကျရောက်ကာ ရွာသားတစ်ဦး၏ နေအိမ်ခေါင်မိုးအား ထိမှန်ခဲ့၍ ကျည်စများလည်း ၎င်း၏သမီးအား ထိမှန်လုနီးပါးဖြစ်ခဲ့ပြီး ၎င်း၏အသက် ၇ နှစ်အရွယ် မြေးဖြစ်သူ၏ လည်ပင်းအားထိမှန်ကာ သေဆုံးသွားခဲ့ပါသည်။ စစ်ကောင်စီ ခြေမြန်တပ်ရင်း ၅၉၀ မှ ကျေးရွာအတွင်းသို့ လက်နက်ကြီးရမ်းသမ်းပစ်ခဲ့ခြင်းကြောင့် ရွာသားများသည် ကျေးရွာတွင်းမနေရဲတော့ပဲ ဘေးလွတ်ရာနေများသို့ထွက်ပြေးကြပြီး အချို့မှာ ၎င်းတို့လုပ်ကိုင်စားသောက်သည့် တောင်ယာများနှင့် အချို့မှာမြို့ပေါ်သို့ တိမ်းရှောင်ကြရကာ ရွာသားများအနေဖြင့် ဘဝရပ်တည်ရှင်သန်ရေး အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။

## ဆောထီးမြို့နယ်

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ တွင် စစ်ကောင်စီ ခြေလျင်တပ်ရင်း ခလရ-၅၇၊ ၃၅၀၊ ၃၄၉ ခြေမြန်တပ်ရင်း ခမရ-၂၀၊ ခြေလျင်တပ်ခွဲ တပ်မ-၇၇ ပူးပေါင်းအဖွဲ့နှင့် KNLA တပ်ရင်း ၇ နှင့် တပ်ရင်း ၉ ပူးပေါင်းအဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်များမှ လက်နက်ကြီးဖြင့် ၄ လုံး ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထို့အတူ နိုဝင်ဘာလ ၁၃ ရက်၊ ၂၀၂၂ ခုနှစ် ညနေ ၆ နာရီတွင် ရွှေကျင်တပ်စခန်းရှိ စစ်ကောင်စီဗျူဟာတပ်သည် ကျောတာ(အေးကနီ) ကျေးရွာသို့ လက်နက်ကြီးဖြင့် ၉ လုံးပစ်ခတ်ခဲ့သည်။

ထို့အတူ ထိုနေ့ည ၉း၃၀ အချိန်တွင် ကျော်တားလက်နက်ကြီး

တပ်(လက်နက်ကြီးကုန်း)မှ လက်နက်ကြီးဖြင့် ဆောထီးမြို့နယ်၊ သာစိမ့်ကျေးရွာအုပ်စု၊ သာစိမ့်နှင့် ပါအေးကျေးရွာအပြင် ကျောက်ကြီးမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စု တိုသေ့ဖူးရွာဘက်သို့ ၅၃ လုံး ပစ်ခတ်ခဲ့သည်။ ညဖက် ၁၁း၂၂ အချိန်၌ ကျော်တားလက်နက်ကြီးကုန်းမှ သာစိမ့်နှင့် တိုသေ့ဖူးကျေးရွာများသို့ လက်နက်ကြီး ၁၁ လုံး ထပ်မံပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများသည် အရပ်သားပြည်သူများနေထိုင်ရာနေရာများသို့ မကြာခဏပစ်ခတ်လေ့ရှိပြီး ရွာသားများထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ရွာသားများလုပ်ကိုင်စားသောက်ရာ နေရာများနှင့် သီးနှံပင်များပေါ်သို့ ကျရောက်သဖြင့် ရွာသားများမှ ကြောက်လန့်ပြီး ၎င်းတို့လုံခြုံရေးအတွက် ကျေးရွာအတွင်းမှ ထွက်ပြေးတိမ်းရှောင်ကြရသည်။ KNLA တပ်များကို ရွာသားများ အကူညီအထောက်အပံ့ပေးခြင်းများမလုပ်ဆောင်စေရန်ရည်ရွယ်၍ စစ်ကောင်စီတပ်များမှ ခြောက်လန့်ပစ်ခတ်ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆောထီးမြို့နယ်၊ ပင်ရင်းကျေးရွာအုပ်စု၊ သဒေါကလိုးရွာတွင် တပ်စွဲထားသော စစ်ကောင်စီ ခြေမြန်တပ်ရင်း -၂၀ သည် ပေကြီးရွာတည့်တည့်သို့ လက်နက်ကြီးဖြင့် ၂ ချက်ပစ်ခတ်ခဲ့ရာ ရွာသားနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကာ ရွာသားများ၏ နေအိမ်တစ်လုံးနှင့် ၎င်းပိုင်ဆိုင်သည့် စပါးကျိတ်စက်တစ်လုံးလည်း မီးလောင်ပျက်စီးခဲ့သည်။ ပထမဦးဆုံးဒဏ်ရာရရှိသည့် ရွာသားတစ် ဦးသည် အသက် ၁၇ နှစ်ရှိပြီး ၎င်း၏ ဦးခေါင်း၊ မေးရိုးနှင့် ခါးတို့တွင် ဒဏ်ရာများရရှိသောကြောင့် ရွာသားများမှ ဆေးကုသမှုခံယူရန် ကော်သူလေးအုပ်ချုပ်နယ်မြေရှိ ဆေးခန်းတစ်လုံးသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဒဏ်ရာရရှိသူ နောက်တစ်ဦးဖြစ်သည့် နော်ဆီဖိုး အသက် ၂၂ နှစ်မှာမူ ဒဏ်ရာရရှိပြီးနောက် သူမအား ရွာသားများမှ ရွှေကျင်မြို့သို့ ပို့ဆောင်ပေးခဲ့ကြသည်။ ထို့အပြင် အသက် ၃၅ နှစ်ရှိရွာသူတစ်ဦး၏နေအိမ်ကို လက်နက်ကြီးထိမှန်၍ သူမ၏ခြေထောက်အား ကျည်စထိမှန်ခဲ့သည်။ ထို့နောက် နေအိမ်မှာမီးလောင်ကျွမ်းသဖြင့် ၎င်းမှာ မီးလောင်သေဆုံးခဲ့ပါသည်။ သေဆုံးသွားသည့်ရွာသူမှာ သားသမီး ၂ ဦးကျန်ရစ်ခဲ့ပြီး ယောကျ်ားဖြစ်သူသည် မလေးရှားနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေပါသည်။ ထို့နည်းတူ သေဆုံးသူနောက်တစ်ဦးဖြစ်သည့် အသက် ၆၆ နှစ်အရွယ် ရွာသားတစ်ဦးသည်လည်း ၎င်း၏ နေအိမ်သို့ လက်နက်ကြီးနေအိမ်ပေါ်ကျရောက် မီးလောင်သဖြင့် မီးလောင်သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုနေ့ညနေဖက်တွင် စစ်ကောင်စီတပ်များသည် လက်နက်ကြီး ၁၂၀ မမ ကျည် ၆ လုံးအား ကြာဘိုကုန်းတပ်စခန်းနှင့် အခြားနေရာများဖြစ်သည့် ထီးရိုးကလိုး၊ အင်းဝိုင်းနှင့် အင်းဝိုင်းကျေးရွာအုပ်စုရှိ ညောင်ပင်ပေါင်ကျေးရွာများတွင် အင်အားဖြည့်တင်းထားကြောင်း ရွာသားများမှ သတင်းရရှိခဲ့သည်။ ထို့အတူ စစ်ကောင်စီတပ်များသည် တပ်မ-၄၄၊ ၇၇ နှင့် ၆၆ မှ စစ်သား ၁၅၀ နီးပါးခန့်အား သဒေါကလိုးတပ်စခန်းသို့ အင်အားဖြည့်တင်းခဲ့သည်။

ထို့ကြောင့် သောင်းနှင့်ချီရှိသည့်ရွာသားများသည်တောတောင်များ၊ အခြားသောရွာများ၊ မြို့ပေါ်နှင့် အခြားသောနေရပ်ဒေသများသို့ မြောက်များစွာထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် SAC တပ်မ -၂၀၊ ၇၇၊ ၈၈၊ ၄၄၊ ၃၃ ခြေလျင်တပ်ရင်း- ၅၇၊ ၃၅၀ နှင့် ၂၆၄ တပ်များသည် ဆောထီးမြို့နယ်ဒေသ၊ စက်စုရွာတွင်တပ်စွဲကာ နေ့စဉ်နီးပါး လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ပြီး တစ်ရက်တည်းတွင် ကျည်အလုံး ၂၀၀ ခန့် ပစ်ခတ်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ဆောထီးမြို့နယ်ရှိ အေးဘလရွာ၊ ပြင်းရေးရွာ၊ သက်ကယ်ကုန်းရွာနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စုမှ ရွာသား ၁၁,၆၄၆ ဦးသည် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး တောတောင်များ၊ အခြားသောကျေးရွာများနှင့် အချို့မှာမြို့ပေါ်တွင် သွားရောက်ပုန်းရှောင်ကြရကာ ၎င်းတို့ဒေသများသို့ ပြန်လည်ခြေချကာ မနေထိုင်ရဲကြသေးပေ။

**လယ်ဒိုမြို့နယ်**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါလ ၇ ရက်နေ့တွင် နံ့သာကွင်းတပ်စခန်းရှိ စစ်ကောင်စီ ခြေမြန်တပ်ရင်း-၄၃၉ သည် ယာယီတပ်နှင့်ပူးပေါင်းကာ စစ်သည် ၅၀ ကျော်ခန့်သည် နံ့သာကွင်း တပ်စခန်းမှထွက်ခွါ၍ ကျောက်ကြီးမြို့နယ်၊ ရေတွင်းကုန်းရွာသို့ ဝင်ရောက်ခဲ့ကြသည်။

ထို့နောက် နံနက် ၁၁း၂၀ အချိန်တွင် စစ်ကောင်စီတပ်ဖွဲ့သည် အုန်းပင်စုကျေးရွာသို့ဝင်ရောက်ပြီး လယ်ကွင်းထဲသို့ရောက်သောအခါ KNLA တပ်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုသို့တိုက်ပွဲဖြစ်ပွားသောကြောင့် နံ့သာကွင်းတံတားရှိစစ်ကောင်စီတပ်များမှာ အုန်းပင်စုဒေသသို့ လက်နက်ကြီးကျည်ဆံ ၅၀ လုံးပစ်ခတ်ခဲ့ပြီး အုန်းပင်စုနှင့်နီးသော စစ်ကောင်စီမှလည်း အုန်းပင်စုရွာ အတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သည်။ အုန်းပင်စုရွာအတွင်းသို့ လက်နက်ကြီးကျည် ၂၂ လုံးနီးပါး ကျရောက်ပေါက်ကွဲသွားခဲ့သည်။ ထို့ကြောင့် လက်နက်ကြီးကျည်စများထိမှန်၍ အသက် ၄၅ နှစ်အရွယ်ရှိ ရွာသားတစ်ဦးသေဆုံး၍ အသက် ၃၆ နှစ်နှင့် အသက် ၂၈ နှစ်အရွယ်ရှိ ရွာသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ ညနေဖက်တွင် တပ်ရင်းမှူး သက်ပင်ကျော် ဦးဆောင်သော မထောစခန်းရှိ စစ်ကောင်စီ စစ်ကွပ်ကဲဌာနချုပ်(စကခ-၈) လက်အောက်ခံ ခြေမြန်တပ်ရင်း-၄၀၇ စခန်းမှ ၈၁ မမ ဖြင့် ဘူးသိုမြို့နယ်၊ မယ်ညူကျေးရွာအုပ်စုရှိ ရွာသားများ လုပ်ကိုင်စားသောက်သည့် တောင်ယာများသို့ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်ဆံကျရောက်ပေါက်ကွဲသည့်အချိန်တွင် လင်မယားနှစ်ဦးသည် ၎င်းတို့၏ တောင်ယာတဲတွင် ရှိနေခဲ့ကြပါသည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အသက်၄၄ နှစ်ရှိ အမျိုးသား၏ ညာဘက်မေးရိုးအား လက်နက်ကြီးကျည်စ အနည်းငယ်ထိမှန်၍ အသက် ၃၁ နှစ်အရွယ်ရှိ ၎င်း၏ဇနီးမှာမူ ဦးခေါင်းအား လက်နက်ကြီးကျည်စထိမှန်၍ ထိုတောင်ယာတဲတွင် သေဆုံးသွားခဲ့ပါသည်။ ထိုရွာသားနှစ်ဦးသည် ဘူးသိုမြို့နယ်၊ မယ်ညူကျေးရွာအုပ်စုရှိ ဒူးတပါရွာသားများ ဖြစ်ကြသည်။ လက်နက်ကြီးကျည်များ မည်မျှကျရောက်ခဲ့သည်ကိုမူ ရွာသားများ မမှတ်နိုင်ခဲ့ပေ။

**ဒွယ်လိုးမြို့နယ်**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဗိုလ်လှကြိုင်ဦး ဆောင်သော နယ်ခြားစောင့်တပ် BGF တပ်ရင်း – ၁၀၁၃ သည် ဒွယ် လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဘောကျိုးလယ်ရွာထဲသို့ လက် နက်ကြီးဖြင့်ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ရွာသား ၃ ဦးဖြစ်သည့် အသက် ၁၂ နှစ်၊ အသက် ၁၅ နှစ်နှင့် အသက် ၉ နှစ်ရွာသားသားတို့ လက်နက်ကြီး စထိမှန်ဒဏ်ရာရခဲ့ပြီး နေအိမ် ၃ လုံးပျက်စီး၊ နွား ၂ ကောင်နှင့် ဆိတ် တစ်ကောင်သေ၍ နေအိမ် ၁၃ လုံးအား လက်နက်ကြီးကျည်စ အနည်း ငယ်ထိမှန်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက် ၉း၄၀ အချိန်တွင် စစ်ကောင်စီတပ်များမှ လေယာဉ်ဖြင့် စားနပ်ရိက္ခာနှင့်လက်နက်ခဲယမ်း များ လာရောက်ပို့ဆောင်ခြင်းမပြုလုပ်မီအချိန်တွင် စစ်ကောင်စီ စစ် ကွပ်ကဲတပ်များဖြစ်သည့် တပ်ရင်း–၃၄၀၊ ၃၄၁ နှင့် ၃၄၃ တပ်များသည် ၎င်းတို့တပ်စခန်းဒေသများဖြစ်သည့် ဒွယ်လိုးမြို့နယ်၊ ကပေါ်ခလီး လော်ရွာနှင့် တာလူကျိုးရွာဘေး၊ ခလယ့်ခိုရွာ၊ ဘွယ်ပါရွာရှိ ကျေးရွာ များဘေးသို့ လက်နက်ကြီးဖြင့် အလုံး ၂၀ နီးပါး ပစ်ခတ်ခဲ့သည်။ ထို ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များထဲမှ တစ်လုံးသည် တောထဲ တွင် ထင်း ခွေနေသော ညီအစ်မနှစ်ဦးအားထိမှန်ပြီး အစ်မဖြစ်သူတို့ နေရာတွင်ပင် သေဆုံး၍ ညီမဖြစ်သူမှာမူ ကျည်စထိမှန် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ရွာသားများမှ ညီမဖြစ်သူအား စစ်ကွပ်ကဲတပ်ရင်းသို့ ဆေးကုသမှုခံယူစေရန် ပို့ဆောင်ပေးခဲ့ကြသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ မ ထောကျေးရွာအုပ်စု၊ မထောရွာတွင် တပ်စွဲထားသည့် SAC တပ်ရင်း ၄၀၄ သည် ၁၂၀မမ ဖြင့် မယ်ဝေကျေးရွာဘက်သို့ ပစ်ခတ်ခဲ့သည်။ တောထဲထွက်ပြေးတိမ်းရှောင်နေရသည့် မယ်ဝေဒေသရှိ ခလိုခီး ရွာသားတစ်ဦးရွာထဲသို့ ညနေ ၁း၃၀ နာရီ စားနပ်ရိက္ခာပြန်လာယူသည့် အချိန်တွင် လက်နက်ကြီးမှာ ၎င်း၏အနီးသို့ကျရောက်ပေါက်ကွဲခဲ့ပြီး လက်နက်ကြီးအပိုင်းအစများသည် ၎င်း၏ တင်ပါးတွင်တစ်ချက်၊ တံတောင်ဆစ်တွင်တစ်ချက်၊ ညာဖက်ခြေဖဝါးတွင် တစ်ချက် ထိမှန်ခဲ့ သည်။

ထို့နည်းတူ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တောင် သုံးလုံးရှိ စစ်ကောင်စီတပ်သည် ၁၂၀မမ ဖြင့် ဒွယ်လိုးမြို့နယ်၊ ထီးသ ဘာလုထကျေးရွာအုပ်စု၊ ထီးလော်သေထရွာသို့ ပစ်ခတ်ခဲ့ပြီး လက်နက် ကြီးကျည်သည် ရွာသားတစ်ဦး၏ ကွမ်းသီးခြံသို့ကျရောက်ပြီး ၎င်း၏ ကွမ်းအများအပြား ပျက်စီးခဲ့သည်။ ရွာသားများထိခိုက်ဒဏ်ရာရရှိမှုမ ရှိသော်လည်း ရွာသားများအတွက် ထိတ်လန့်ကြောက်ရွံ့မှု ကိုဖြစ်စေ ပြီး ၎င်းတို့၏လယ်ယာမြေသို့သွားရောက် အလုပ်လုပ်ကိုင်ကြရန် ကြောက်ရွံ့နေကြရပါသည်။ ။

**လူသောမြို့နယ်**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေ ၇း၄၀ အချိန်၌ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု ဖာဂေါ်လိုတွင် အခြေစိုက် သော SAC ခြေမြန်တပ်ရင်း–၃၅၁ သည် ခလယ့်ဒေါ်ဂေ့ဆွေ့မူးရွာထဲသို့ လက်နက်ကြီးဖြင့် ၄ လုံးပစ်ခတ်ခဲ့ရာ ရွာသားများထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ၎င်းတို့၏ လယ်ယာမြေများ ပျက်စီးခဲ့ပါသည်။ ထို့အတူ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၉း၃၀ အချိန်၌ ဖာဂေါ် လိုတပ်စခန်းရှိ SAC ခြေမြန် တပ်ရင်း–၃၄၉ သည် စောမူပလောကျေး ရွာအုပ်စု၊ စောမူထကျေးရွာသို့ လက်နက်ကြီးဖြင့် ထပ်မံပစ်ခတ်ရာ စောအယ်ဒိုး၏ အိမ်နှင့်အနီးတွင်ရှိသော လယ်ယာထဲသို့ ၂ လုံးကျသည်။ ရွာသားများထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း ၎င်းတို့၏ အသက် အန္တရာယ်ခြိမ်းခြောက်မှုကိုဖြစ်ပေါ်စေခဲ့ပါသည်။

**ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်**

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့နံနက် ၈း၄၅ အချိန်ခန့် တွင် ခလယ်တံခွန်တိုင်ရဲစခန်းရှိ ဗမာစစ်တပ်၊ ရဲနှင့် နယ်ခြားစောင့် တပ်များသည် ဝင်းရေးမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ တံခွန်တိုင် ရွာသို့ အသိပေးအကြောင်းကြားခြင်းမရှိပဲ ရောက်ရှိလာပြီး လက်နက် ကြီးများဖြင့်ပစ်ခတ်ရာ ရွာအတွင်းသို့ ၅ လုံး ကျရောက်ခဲ့သည်။ မည် သည့်အတွက်ကြောင့် စစ်သားများမှ လက်နက်ကြီးများပစ်ခတ်သည် ကို ရွာသားများ အတိအကျမသိရှိရသော်လည်း ၎င်းတို့မှသတင်းတစ် ခုခုရရှိ၍ (သို့မဟုတ်) လမ်းကြောင်းရှင်းလင်းခြင်းလဲ ဖြစ်နိုင်သည်ဟု ရွာသားများမှ ယူဆကြသည်။ ထိုပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျည်များထဲမှ သုံးလုံးသည် ရွာသားတစ်ဦး၏ ရော်ဘာခြံဘေးတွင် ကျ ရောက်ပြီး ရော်ဘာခြစ်နေသည့် လင်မယားနှစ်ဦးအား ထိခိုက်ခဲ့သည်။

ထိုပစ်ခတ်မှုအတွင်း အသက် ၄၉ နှစ်အရွယ်ရှိ အမျိုးသမီးတ စ်ဦး၏ တံတောင်ဆစ်တွင်တစ်ချက်၊ ဂုတ်တွင်တစ်ချက်နှင့် ခြေမတွင် တစ်ချက် လက်နက်ကြီးကျည်ထိမှန်ခဲ့သည်။ ထို့နောက် အခြားသော ရွာသားများမှ သူမအား ကားဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ဆေးရုံ တွင်နှစ်ရက်တာ ဆေးကုသမှုခံယူပြီးနောက် ၎င်း၏နေအိမ်သို့ ကောင်း မွန်စွာ ပြန်လာနိုင်ခဲ့သည်။ သို့သော် ရွာသားများယာယီထွက်ပြေးတိမ်း ရှောင်နေရကြပြီးကြောက်ရွံ့ထိတ်လန့်မှုဖြင့် နေထိုင်ကြရပါသည်။ ဒဏ်ရာရရှိသော အဆိုပါရွာသားမှာ ကျေးရွာတွင်းပြန်လည်နေထိုင်ရန် ကြောက်ရွံ့နေပါသည်။

သူမ၏ခံစားချက်အား ဤကဲ့သို့ပြောပြခဲ့ပါသည်။ **"ကျွန်မ အရမ်းကြောက်တယ်။ ညဘက်ဆို ကျွန်မနားထဲမှာ ညီ…ညီ…ညီ… အသံတွေကြားနေရပြီး စိတ်ကပုံမှန်မဖြစ်သေးဘူး။ ကျွန်မကြောက် တယ်။ ဒီလိုခံစားမှုမျိုးက ကိုယ်တိုင်ကြုံမှသိနိုင်မယ်။ သူများလက်နက် ကြီးပစ်တုန်းက ကျွန်မတို့လင်မယားနှစ်ယောက် သေဘေးကနေလွတ် အောင်ထွက်ပြေးခဲ့ရတယ်။"** သူမဆက်လက်ပြောပြသည်မှာ **"ငြိမ်းချမ်း ရေးကလွဲပြီး အခြားဘာကိုမှ ကျွန်မမလိုချင်ဘူး။ ကျွန်မအိမ်မှာပြန်နေ ပြီး အေးအေးဆေးဆေးပဲ ပြန်လုပ်ကိုင်စားသောက်ချင်တယ်။ အခု ဆင်းရဲခက်ခဲမှုတွေနဲ့ရင်ဆိုင်ရတာမို့ ကျွန်မအတွက်အဆင်မပြေဘူး။ လူတိုင်း ကိုယ့်အိမ်မှာကိုယ် ပြန်နေချင်ကြတယ်။ ဒါပေမယ့် ကျွန်မရွာ ကို မပြန်ရဲဘူး။ ရွာပြန်ရင် ဟိုကြည့်ပြီးကြောက်ရ ဒီကြည့်ပြီးကြောက် ရဖြစ်မှာကြောင့် ကျွန်မယောကျ်ား ကျွန်မကို ရွာပေးမပြန်ဘူး။"**

**ကော့ကရိတ်မြို့နယ်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ အတွင်း စစ်ကောင်စီနှင့် KNLA နှင့် PDF ပူပေါင်းတပ်များကြား ကော်နွဲ့ကျေးရွာအနီးရှိ အာရှလမ်းမကြီးဘေးတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ကော့ကရိတ်မြို့တွင်အခြေစိုက်သော စစ်ကောင်စီ ခြေမြန်တပ်ရင်း (ခလရ) အမှတ် ၉၇ တပ်၊ ရွှေညောင်ပင်နှင့် လှိုင်ဝတွင်တပ်စွဲထားသော စစ်ကောင်စီတပ်များသည် လက်နက်ကြီး ၁၂၀မမ နှင့် ၈၁မမ များဖြင့် တိုက်ပွဲများဖြစ်ပွားရာဒေသအနီးရှိ ကော့နွဲ့၊ အောကရော၊ ရသေ့ကုန်းနှင့် ကော့နွဲ့ကျေးရွာအုပ်စုအတွင်းရှိ အခြားသောရွာများသို့ နေ့စဉ်ညဆက် ပစ်ခတ်မှု မြောက်များစွာဖြစ်ပွားခဲ့ပါသည်။

ရွာသားတစ်ဦးဖော်ပြချက်အရ ဗမာစစ်တပ်များသည် တစ်နေ့လျှင် လက်နက်ကြီး အလုံး ၂၀ ခန့်ကျေးရွာအတွင်းပစ်ခတ်သောကြောင့် ရွာသားများ၏အိမ်များ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများ၊ စိုက်ပျိုးသီးနှံပင်များ အများအပြား ထိခိုက်ပျက်စီးပြီး အိမ်မွေးတိရိစ္ဆာန်များလည်း အများအပြား ထိခိုက်သေဆုံးခဲ့သည်။ ထို့ကြောင့် ရွာသားများကြောက်လန့်ပြီး ကျေးရွာအတွင်းမှ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ရွာသားများသည် ဘုန်းကြီးကျောင်းများ၊ ၎င်းတို့ရွာနှင့်နီးသည့် ကျေးရွာများ၊ မြို့ပေါ်ဒေသများ၊ တောတောင်များ နှင့် အခြားဒေသများမှ ၎င်းတို့၏ဆွေမျိုးတော်စပ်သူများ၏နေအိမ်များသို့ ထွက်ပြေးတိမ်း ရှောင်ကြရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗမာစစ်တပ်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ရွာသားအချို့သည် ဘုန်းကြီးကျောင်းတွင် သွားရောက်ပုန်းခိုခဲ့ကြပါသည်။ ဘုန်းကြီးကျောင်းတွင်းဝင်ရောက်ပုန်းခိုချိန်၌ ဗမာစစ်တပ်၏ လက်နက်ကြီးများသည် ဘုန်းကြီးကျောင်းဝင်းသို့ ကျရောက်ပြီး ရွာသားတစ်ဦး၊ ကိုရင်တစ်ပါး၊ ဦးပဥ္စင်း၂ ပါး ဒဏ်ရာရပြီး တစ်ပါးမှာ ပျံလွန်တော်မူခဲ့ပါသည်။

ထို့အတူ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျေးရွာတွင်းရှိရွာသားများ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုမီ ဗမာစစ်တပ်များမှ လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ပစ်ခတ်ခဲ့သဖြင့် ကလေးငယ်တစ်ဦး၏မျက်နှာတွင် ဒဏ်ရာရရှိ၍ အဖိုးအိုတစ်ဦး၏ရင်အုံနှင့် လူငယ်တစ်ဦး၏ လက်ထိမှန်ကာ လက်ရိုးကျိုးသွားခဲ့သည်။ ထို့ကြောင့် ရွာသား ကလေးငယ်၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်နှင့် နာမကျန်းဖြစ်သူများအပါဝင် စုစုပေါင်း ၃၀၀ ကျော်သည် ၎င်းတို့ အသက်ရှင်သန်နေထိုင်နိုင်ရန်အတွက် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထွက်ပြေးတိမ်းရှောင်သူများထဲမှ အဖွားအိုတစ်ဦးမှ ဤသို့တင်ပြခဲ့သည်။ **"အခုကခြောက်သွေ့ရာသီမို့နည်းနည်းတော်သေးတယ်၊ မိုးရာသီဆိုရင်တော့ သူများတွေမသေရင်တောင် ကျွန်မသေလိမ့်မယ်။ ကျွန်မ မြို့ဟောင်းကိုထွက်ပြေးလာတုန်းက အမြင်တွေဝေဝါးကုန်လို့ ဆေးထိုးခဲ့ရသေးတယ်။ သက်ကြီးရွယ်အို၊ ကလေးသူငယ်နဲ့ ကိုယ်ဝန်ဆောင်တွေလဲ ထွက်ပြေးကြရတယ်"**။ ဗမာစစ်တပ်မှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် ရွာသားများအား ရမ်းသမ်းပစ်ခတ်ခြင်းများကြောင့် ရွာသားများအနေဖြင့် ကျေးရွာများသို့ မပြန်ရဲကြပေ။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လက်နက်ကြီးကျည်တစ်လုံး အိမ်ခေါင်မိုးပေါ်သို့ကျရောက်ပြီး နေအိမ်တစ်လုံးပျက်စီးပြီး ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်အများအပြားကျရောက်သောကြောင့် ကော့နွဲ့ရွာရှိ အိမ်ခြေစုစုပေါင်း ၁၅၇ လုံးမှာ အိမ်တိုင်းလိုလိုပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း ရွာသားတစ်ဦးမှ တင်ပြခဲ့သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် KNLA နှင့် PDF ပူးပေါင်းအဖွဲ့ ကျားဖြူစစ်ကြောင်းတို့ ရေကူးကန်ဗမာတပ်စခန်းဘေးတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားစဉ်တွင် ဗမာတပ်များနှင့် ဆိပ်ကြီးမြို့ရေိယာရှိ ရွှေကျိုက်မင်းတပ်စခန်းမှ ၎င်းတို့တပ်များသည် လက်နက်ကြီးများ နေ့ညမပြတ် အနီးအနားပတ်ဝန်းကျင်ဒေသများသို့ ရမ်းသမ်းပစ်ခတ်ခြင်းများလုပ်ဆောင်ခြင်းကြောင့် ကြောင်လျှာကုန်းရွာ၊ မောင်းမရွာသစ်ရွာနှင့် ကော်နွဲ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးကျည်များ ကျရောက် ခဲ့သည်။ လက်နက်ကြီးကျည်များ ကျေးရွာအတွင်းကျရောက်သောကြောင့် ရွာသားများ၏ အိမ်များထိခိုက်ပျက်စီးပြီး ရွာသားများအနေဖြင့် အသက်ရှင်သန်ရေးအတွက် ဖုံးခိုကျင်းများတွင် ပုန်းခိုခဲ့ကြရသည်။ လက်နက်ကြီးကျည် ၂ လုံးသည် ဆောက်လက်စ တမိုင်ကုန်းဘုန်းကြီးကျောင်းသို့ ကျရောက်ပြီး ဘုန်းကြီးကျောင်းပျက်စီး၍ အခြားသောကျည်တစ်လုံးသည် ကော့ကရိတ်မြို့နယ်၊ ကော်နွဲ့ကျေးရွာအုပ်စု၊ ကြောင်လျှာကုန်းရွာသို့ ကျရောက်ပြီး ငါးသွားရှာရာမှပြန်လာသော ရွာသားတစ်ဦး၏ လက်အားကျည်စများထိမှန်ပြီး နွားတစ်ကောင်၏ ခြေထောက်ကိုလည်း ထိမှန်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူ အသက် ၃၄ နှစ်မှ ၎င်းကြုံ တွေ့ခဲ့ရသည့်ဖြစ်စဉ်အား **"လက်နက်ကြီးကျည်ကျတုန်းက ကျွန်တော်နွားအနောက်မှာ ကျွန်တော်ရှိနေလို့ လက်နက်ကြီးကျည်စတွေက ကျွန်တော့ နွားကိုပဲထိတာများပြီး ကျွန်တော်ကို တစ်စပဲထိတယ်"** ဟု ပြန် လည်ပြောပြခဲ့သည်။ လက်နက်ကြီးထိမှန်သော အဆိုပါရွာသားမှာ တောနော်ကရင်ဆေးရုံတွင်ဆေးကုသမှုခံယူခဲ့ပါသည်။ ဗမာစစ်တပ်မှ နေစဉ်ညဆက် လက်နက်ကြီးများပစ်ခတ်သဖြင့် လက်နက်ကြီးများအား အလုံးရေမည်မျှပစ်သည်ကို ရွာသားများမှ ရေတွက်နိုင်ခဲ့ခြင်းမရှိပါ။

အသက် ၅၅ နှစ်အရွယ်ရှိ မောင်းမရွာသစ်ရွာသူနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာ၌ **"ရွာသားတွေ အိမ်မှာမအိပ်ရဲကြတော့ဘူး။ စစ်တပ်အာဏာသိမ်းပြီးတဲ့အချိန်ကနေစပြီး အခုချိန်ထိ ကျွန်မတို့တွေ အလုပ်ကို အေးအေးမွန်မွန် မသွားကြရတော့ဘူး။ ကျွန်မတို့ ကြောက်ကြောက်လန့်လန့်နဲ့ပဲ သွားနေကြရတယ်"** ဟု ဖြေကြားခဲ့သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကော့ကရိတ်မြို့နယ်၊ နိုဖိုးကျေးရွာအုပ်စု၊ မဲကနဲကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် KNLA တပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း SAC စစ်သားများမှ မဲကနဲကျေးရွာထဲသို့ လက်နက်ကြီးများဖြင့် နေ့ညအတော်ကြာ ပစ်ခတ်ခဲ့ခြင်းနှင့် စစ်လေယာဉ်များဖြင့်လည်း လာရောက်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ရွာသားများကျေးရွာအတွင်းမနေရဲတော့ပဲ အခြားသောဒေသများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး ၎င်းတို့၏အိမ်များနှင့် အိမ်မွေးတိရိစ္ဆာန်များ

လည်း ဒဏ်ရာရသေဆုံးမှုများလည်းရှိခဲ့သည်။

ရွာသားများအနေဖြင့် နီးစပ်ရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်ကြရကာ အချို့မှာ ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်၍ အချို့မှာ အခြားသောကျေးရွာများ၊ အချို့မှာတောတောင်များနှင့် မထွက်ပြေးနိုင်တော့သည့် သက်ကြီးရွယ်အိုများမှာမူ ဘုန်းကြီးကျောင်းများတွင် သွားရောက်ခိုလှုံကြရသည်။ ထွက်ပြေးတိမ်းရှောင်ကြရသည့် ရွာသားများသည် အဝတ်အထည်နှင့် အစားအစာများ ယူဆောင်နိုင်ခြင်းမရှိကြသဖြင့် အစားအသောက်နှင့် အဝတ်အစားများအတွက် အခက်အခဲများရင်ဆိုင်ကြရသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ အသက် ၃၀ ရှိ ရွာသားတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် **"ဗမာစစ်တပ်တွေက လက်နက်ကြီးနဲ့ မကြာခဏပစ်ပြီး ရွာထဲကိုကျတော့ အိမ်သုံးလုံးကိုထိတဲ့အထဲမှာ ကျွန်မတို့အိမ်လည်းပါတယ်။ ကျွန်မအိမ်ဘေးမှာ လက်နက်ကြီးကျတဲ့အချိန် ကျွန်မအိမ်ဘေးကဖုံးခိုကျင်းထဲမှာ ကျွန်မပုန်းနေရတယ်။ ကျွန်မကြောက်လိုက်တာ—ကျွန်မလက်နဲ့ နားကိုပိတ်ထားရတယ်။ အသံကျယ်လွန်းလို့ ကျွန်မနလုံးခုန်တာရပ်မတတ်ပဲ။ လက်နက်ကြီးကျည်စက ဝက်ကိုထိပြီး အပြင်က နေဝက်အော်နေတာ ကျွန်မကြားနေရတယ်"** ဟု ပြောပြခဲ့သည်။

**နို့တကောမြို့နယ်**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ တွင် KNLA နှင့် PDF ပူးပေါင်းတပ်များသည် ကြာအင်းဆိပ်ကြီးမြို့ရှိ SAC ခြေလျင်တပ်ရင်း အမှတ်(၂၈၄) တပ်စခန်းသို့ ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ရွှေဒိုးရွာရှိ ဗမာစစ်တပ် ခြေလျင်တပ်ရင်း အမှတ် (၂၈၃)တပ်မှ ရွှေဒိုးရွာသို့ တစ်ညလုံး လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ရွာသားများကို ထိခိုက်ခြင်းမရှိခဲ့သော်လည်း ရွာသားများ အလွန်ကြောက်လန့်ခဲ့ကြရသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် KNLA, PDF ပူးပေါင်းတပ်များနှင့် စစ်ကောင်စီ ခြေလျင်တပ်ရင်း ၂၈၄ တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားချိန်တွင် ဗမာစစ်တပ်ခြေလျင်တပ်ရင်း ၂၈၃ သည် လက်နက်ကြီးဖြင့်ထပ်မံ၍ ရွှေဒိုးရွာသို့ပစ်ခတ်သောကြောင့် အသက် ၁၇ နှစ်ရှိ ရွာသားတစ်ဦး၏ ကျောကုန်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရွာသားများမှ ၎င်းအား လေးဝဖလိုး DKBA ဆေးပေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြသည်။ ရွာသားများကြောက်ရွံ့ကြသဖြင့် များသောအားဖြင့် အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် KNLA နှင့် PDF ပူးပေါင်းတပ်များသည် နို့တကောမြို့နယ်ရှိ စစ်ကောင်စီခြေလျင်တပ်ရင်း ၂၈၄ နှင့် ၂၈၃ တပ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် စစ်ကြောင်းထိုးခဲ့သည်။ တိုက်ပွဲဖြစ်ပွားစဉ်တွင် ဆိပ်ကြီးမြို့စခန်းရှိ စစ်ကောင်စီ ခြေလျင်တပ်ရင်း ၃၂ မှ ၁၂၀မမ ဖြင့် ကျေးရွာတွင်းသို့ ပစ်ခတ်ခဲ့သည်။ ဇန်နဝါရီလ ၁၀ ရက်နေ့ ည ၁ နာရီအချိန်၌ နို့တကောမြို့နယ်၊ နတ်ချောင်းအလယ်ကျေးရွာအုပ်စု၊ တံတားဦးရွာသို့ စစ်ကောင်စီတပ်များမှ လက်နက်ကြီးဖြင့်ပစ်ခတ်ရာ အသက် ၇၆ နှစ်အရွယ်ရှိရွာသားတစ်ဦး၏ ဘယ်ဘက်ပုခုံးနှင့် ၎င်း၏နေအိမ်အားထိမှန်ခဲ့သည်။ ထို့နောက်ရွာသားများမှ သူမအား ဆေးဝါးကုသမှုခံယူစေရန် မော်လမြိုင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

**ကျုံဒိုးမြို့နယ်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် တိုက်ပွဲတစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိပဲ ကော့ကရိတ်မြို့နယ်၊ ရေကျော်ကြီးတပ်စခန်းရှိ စစ်ကွပ်ကဲအခြေစိုက်(စကခ)-၁၂ လက်အောက်ခံ ခြေလျင်တပ်ရင်း (ခလရ) ၉၇ အမြောက်တပ် (အမတ)-၃၁၂ တပ်သည် ကျုံဒိုးမြို့နယ်၊ လော်ကယ်ကျေးရွာအုပ်အတွင်းရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်တွင် စစ်ကောင်စီတပ်များသည် လက်နက်ကြီးဖြင့် နောတလယ်ရွာ၊ လော်ကယ်ကျေးရွာများအတွင်းသို့ ပစ်ခတ်ခဲ့ရာ ရွာသားများ၏ အိမ်တစ်လုံး၊ နွားသုံးကောင်၊ စပါးကျီတစ်လုံး၊ ကားတစ်စီးနှင့် ထော်လာဂျီတစ်စီးထိမှန်ပျက်စီးခဲ့သည်။ ထို့ကြောင့် နောတလယ်ရွာသားအချို့သည် ညအချိန်၌ ကျေးရွာအတွင်းမအိပ်ရဲကြတော့ပဲ အခြားသောနေရာများတွင် သွားရောက်အိပ်စက်ကြရသည်။

**ဘားအံခရိုင်**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် KNLA တပ်ရင်းအမှတ် ၁၈၊ PDF ၊ KTLA နှင့် KNDO ပူးပေါင်းတပ်များနှင့် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ကော့ကရိတ်မြို့ရှိ SACအမြောက်တပ် ၇၇၉ တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဘားအံခရိုင်၊ နဘူးမြို့နယ်အတွင်းသို့ လက်နက်ကြီးကျည်များ အများအပြားပစ်ခတ်သဖြင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်းများကို အများအပြားဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ကော့ကရိတ်မြို့ရှိပြည်သူများ၏နေအိမ် ၂၁၀ လုံး၊ လူဦးရေ ၇၀၀ ခန့်သည် ပတကျေးရွာအုပ်စု၊ ပဒဲကုန်းရွာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး လူဦးရေ ၃၀၀ ကျော်သည် ပိုင်ကျုံမြို့နယ်၊ ရေပူကြီးကျေးရွာအုပ်စု၊ ထီးဖိုးတရေ့ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ နဘူးမြို့နယ်နှင့် ပိုင်ကျုံမြို့နယ်အတွင်း ထွက်ပြေးတိမ်းရှောင်သူအရေအတွက် မည်မျှရှိသည်ကိုမသိရသောကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများအနေဖြင့် အခြေခံလိုအပ်ချက်အကူညီများဖြစ်သည့် စောင်၊ ဖျာ၊ ခြင်ထောင်၊ ရိက္ခာခြောက်၊ ဆန်၊ သောက်ရေနှင့် သန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းအများအပြား လိုအပ်လျှက်ရှိသည်။



ငြိမ်းချမ်းရေးကလွဲပြီး အခြားဘာကိုမှ ကျွန်မ မလိုချင်ဘူး။ ကျွန်မအိမ်မှာပြန်နေပြီး အေးအေး ဆေးဆေးပဲပြန်လုပ်ကိုင်စားသောက်ချင်တယ်။ အခု ဆင်းရဲခက်ခဲမှုတွေနဲ့ရင်ဆိုင်ရတာမို့ ကျွန်မ အတွက်အဆင်မပြေဘူး။ လူတိုင်းကိုယ့်အိမ်မှာ ကိုယ်ပြန်နေချင်ကြတယ်။ ဒါပေမယ့် ကျွန်မရွာကို မပြန်ရဲဘူး။ ရွာပြန်ရင် ဟိုကြည့်ပြီးကြောက်ရ ဒီကြည့်ပြီးကြောက်ရဖြစ်မှာကြောင့် ကျွန်မယောကျ်ား ကျွန်မကို ရွာပေးမပြန်ဘူး။